# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၅၅)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၁၂-၅-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် မေ ၁၁

မြန်မာ့တပ်မတော်မှအရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များ သိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်း UN Peacekeeping Officer Course ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ PARKROYAL ဟိုတယ်၌ ပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## စက်မှုကျွမ်းကျင်သင်တန်းနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း ဖွင့်လှစ်

နေပြည်တော် မေ ၁၁

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄) နှင့် အဝတ်အထည်ချုပ်လုပ်မှု သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ တိုးတက်မြင့်မားမှုသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက်မှုနှင့် နည်းပညာလောကတွင် စဉ်ဆက်မပြတ် လေ့လာခြင်းနှင့် တက်ကြွစွာ ပြုမူ ဆောင်ရွက်ခြင်းတို့သည် အောင်မြင်မှုကို ရရှိစေမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း လက်တွေ့သင်ကြားရေး အလုပ်ရုံများနှင့် အထည်ချုပ်သင်တန်း နေရာများကို ကြည့်ရှုစစ်ဆေးသည်။



ယခုဖွင့်လှစ်မည့် သင်တန်း အမှတ်စဉ်(၁၄)တွင် သင်တန်းသား သင်တန်းသူ ၇၇ ဦးအား ဘာသာရပ်ခြောက်ခုကို ၂၀၂၆ ခုနှစ် မေ ၁၁ ရက်မှ ၂၀၂၇ ခုနှစ် မတ် ၂၃ ရက်အထိ တစ်နှစ်ကြာ စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အမှတ်စဉ်(၃)တွင် သင်တန်းသူ ၂၀ အား မေ ၁၁ ရက်မှ ဇွန် ၄ ရက်အထိ တစ်လကြာ လေ့ကျင့် သင်ကြားပေးမည် ဖြစ်ကြောင်းသိရသည်။**သတင်းစဉ်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း


**ကမ္ဘာ့ အကြီးမားဆုံး ချစ်သဝဏ်လွှာ(ဆောင်းပါး)**

စာမျက်နှာ ၆

**တရုတ်-ရုရှား ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လာခြင်းက သမိုင်းဝင်အခွင့်အလမ်းများ ဆောင်ကြဉ်းလာခဲ့ကြောင်း တရုတ်တာဝန်ရှိသူပြောကြား**

စာမျက်နှာ ၈

**မေဂျာလိဂ်သမိုင်းတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်သည့် အမြန်ဆုံးကစားသမားအဖြစ် မက်ဆီမှတ်တမ်းဝင်**

စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ်၊ မေ ၁၂ ရက်၊ အင်္ဂါနေ့။

မန္တလေး

## လူငယ်များအတွက် ၃၈ ဖြာ မင်္ဂလာ

မင်္ဂလာတရားတော်ကို ကလေးဘဝမှာပင် သင်ကြားပေးခဲ့ခြင်းက ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်လုံးတွင် လူမှုဆက်ဆံရေး၊ ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက်ဖြစ်ပြီး အကျိုးရလဒ်အားဖြင့် ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်ကြောင်းဟူ၍ဖြစ်သည်။ ထို့ကြောင့်ပင် ရှေးခေတ်ပညာရေးစနစ်တွင် မင်္ဂလသုတ်ကို ကျောင်းသား၊ ကျောင်းသူတို့ ရိုသေလေးစားစွာ သင်ယူခဲ့ရခြင်းဖြစ်သည်။ စင်စစ်မင်္ဂလသုတ်သည် ရွတ်ဖတ်တတ်ရုံ၊ အဓိပ္ပာယ်သိရုံမျှမဟုတ်ဘဲ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းကျိုးချမ်းသာရရှိနိုင်သည့် တရားပင်ဖြစ်သည်။

လောကတွင် ပညာရှိများစွာရှိသည်။ ပညာရှိဆိုသည်မှာ ဉာဏ်အမြော်အမြင်ရှိသူကို ဆိုလိုပါသည်။ မြတ်စွာဘုရားနှင့်တကွ အနန္တောအနန္တငါးပါးတို့ကား ပညာရှိများဖြစ်ပါသည်။ ဘုရားရှင်သည် လူသားတို့အတွက် များစွာသောအသိပညာများကို ဟောကြားတော်မူခဲ့သည်။ ထိုတရားတော်များကို ခေတ်အဆက်ဆက် သံဃာတော်များက လက်ဆင့်ကမ်းဟောကြားခဲ့သည်။ ထို့မှတစ်ဖန် အမိအဖ၊ ဆရာသမားတို့က သားသမီးတပည့်များကို ပြန်၍ပြောပြသွန်သင်ဆုံးမခဲ့ကြခြင်းဖြစ်သည်။

၃၈ ဖြာ မင်္ဂလာတရားတော်သည် လူအချင်းချင်းဆက်ဆံရာတွင် ပြေပြစ်စေခြင်း၏ အခြေခံကိုယ်ကျင့်တရားများပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ လူမှုပေါင်းသင်းဆက်ဆံရာတွင် ထားအပ်သောစိတ်ထားကို လောကသာရပျို့တွင် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟူ၍ ဆုံးမထားသည်။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစား အားထုတ်သူမှန်လျှင်လည်း သူတစ်ပါးနှင့်ဆက်ဆံပါက ယုံကြည်ကိုးစားမှု၊ လေးစားမှုရရှိမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ရှေးခေတ်မြန်မာ့ပညာရေးမှာ ဘုန်းတော်ကြီးကျောင်းများတွင် အခြေစိုက်သည်။ ကျေးရွာတိုင်းတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိစမြဲဖြစ်ပြီး ထိုကျောင်းများတွင် ကျေးရွာမှ ကလေးငယ်များ မြန်မာစာအခြေခံသင်ပုန်းကြီးကို စတင်သင်ယူကြရသည်။ ပုတ္တောဝါဒဆုံးမစာတွင် ဤသို့ ပထမ၊ နမောကကို၊ စ၍ သင်ပြီး၊ သင်ပုန်းကြီးလုံး၊ သုံးဆယ့်သုံး၌၊ နလုံးပိုက်၍၊ ခြိုက်ခြိုက်အားရ၊ တတ်ပြီးမှတည့်၊ မင်္ဂလသုတ်၊ ဆယ့်သုံးပုဒ်ကို၊ အားထုတ်လို့လ၊ မကြာရခင်၊ အဓိပ္ပာယ်၍၊ သိမြင်စိမ့်ကြောင်းဟူ၍ ထိုခေတ်ဘုန်းတော်ကြီးကျောင်း ပညာရေး၏ သင်ရိုးညွှန်းတမ်းကိုပြဆိုထားရာ မြန်မာအက္ခရာဗျည်း ၃၃ လုံး သင်ပုန်းကြီးကုန်အောင် တတ်မြောက်ပြီးပါက မင်္ဂလသုတ်ကို အဓိပ္ပာယ်နှင့်တကွ နားလည်သိမြင်အောင် သင်ကြားရသည်ကို ဆုံးမစာ၌ တွေ့မြင်နိုင်သည်။

လူတစ်ကိုယ်၌ အကြိုက်တစ်မျိုးစီတော့ ရှိစမြဲဖြစ်ရာ သူ့အကြိုက်ကို လိုက်လျောပေးခြင်းအားဖြင့် ကိုယ့်အတွက် အကျိုးရှိစေမည်ဖြစ်သည်။ လူတစ်ယောက်ကို ချဉ်းကပ်အကူအညီ တောင်းခံတော့မည်ဆိုလျှင် ထိုသူ၏ အကြိုက်နှင့်စရိုက်ကို ဦးစွာသိအောင် ကြိုးစားရမည်ဖြစ်သည်။ ယင်းမှာ လူမှုဆက်ဆံရေး နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ၃၈ဖြာ မင်္ဂလာတရားတော်များ၊ ဆုံးမစကားများသည် နှောင်နှစ်ပေါင်းများစွာ ကြာလာသောအခါ အသီးအပွင့်များဖြစ်လာမည့် လူငယ်လူရွယ်များအတွက် ဘဝကို ပြုစုပျိုးထောင်မြှင့်တင်ပေးသော အဖိုးတန် မြေဩဇာများပင်ဖြစ်သည်။ ထို့ကြောင့် အတွေ့အကြုံခိုင်မာရင့်ကျက်သော မည်သည့်ပညာရှိကိုမဆို ချဉ်းကပ်ရိုကျိုးကာ ဆည်းပူးနာယူတတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက် ကို ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၁၁**

ယနေ့နံနက် ၂ နာရီ ၆ မိနစ် ၃၅ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စေတုတ္တရာမြို့၏ အနောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ဝ၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၅ ဒသမ ဝ (M) အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## နှစ်ရှည်နာမကျန်း စာရေးဆရာ၊ သတင်းစာဆရာအား အလှူခံမှ စုပေါင်းထောက်ပံ့

**မန္တလေး မေ ၁၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)နေ စာရေးဆရာ၊ သတင်းစာဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)(၇၉) နှစ်သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်မှ ယနေ့ထိ ဆေးဝါးကုသခံယူလျက်ရှိရာ မေ ၁၁ ရက်က အလှူခံမှ စာရေးဆရာ၊ သတင်းစာဆရာ၊ စာပေဝါသနာရှင်နှင့် ယောဂီများက ၆၆လမ်း၊ ၃၇ လမ်းထောင့်နေအိမ်တွင် တတိယအကြိမ် စုပေါင်း ထောက်ပံ့သည်။



ရန်ကုန်မြို့ စာရေးဆရာ မေမြို့ဆွေလင်း(သမီး) စာရေးဆရာ သင်းနုဆွေ၊ (သား) ဇာနည်ထွေးက ငွေကျပ်တစ်သိန်း၊ မော်လမြိုင်စာရေးဆရာ၊ သားအောင်မြင့်(ဖားကန့်)က ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ ဒေါက်တာခင်မောင်ညွှန့်(မီးယပ်သားဖွားအထူးကုပါရဂူ-လန်ဒန်)၊ ဒေါက်တာ ခင်ဝင်းသန်း(ကလေးအထူးကုပါရဂူ-လန်ဒန်)က လစဉ်ဆေးဖိုး ငွေကျပ်နှစ်သိန်း၊ တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၊ ဓာတ်ခွဲမှူး ကိုဌေးလေးက ငွေကျပ်နှစ်သိန်း၊ ဒေါ်ကေသီဝင်း၊ တိုင်းကျန်းမာ-ကျိုက္ကဆံက ငွေကျပ်တစ်သိန်း၊ ဒေါ်မိမိထွေး(အလပြ-ငြိမ်း) ရန်ကင်းက ငွေကျပ် တစ်သိန်း၊ ဒေါ်သန်းသန်းဝင်း(ကထိက-ရူပဗေဒ)က ငွေကျပ်နှစ်သိန်း၊ ဩစတြေးလျနေ ဒေါက်တာ-တင့်ဆန်းက ငွေကျပ် ၁၀ သိန်း၊ ကဗျာဆရာ စောချိုသာက ငွေကျပ်တစ်သိန်း၊ မုံရွာမြို့-ဒေါက်တာ နီနီရှင်က ငွေကျပ်နှစ်သိန်း၊ မြန်မာ့သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့၊ မဟာဗောဓိရိပ်သာယောဂီ ဒေါ်မေရင်က ငွေကျပ် ငါးသောင်း၊ ဒေါ်နီနီခင်(အောင်အေးအမျိုးသားကျောင်းဆောင်)က ငွေကျပ် ငါးသောင်း၊ ဒေါက်တာလှလှတင့်က ငွေကျပ်ငါးသောင်း၊ ဦးစောသန်းအောင်က ငွေကျပ်နှစ်သောင်း၊ စာရေးဆရာမ အေးအေးခိုင်(ပညာရေး)က ငွေကျပ်သုံးသောင်း၊ ဦးမြင့်ခိုင်(စက်မှု)က ငွေကျပ် တစ်သောင်း၊ ဦးအေးကို(ကျူရှင်)က ငွေကျပ်တစ်သောင်း ဂါရဝပြုကြသည်။

ထို့နောက် စာရေးဆရာမ ဒေါ်မြင့်မြင့်ထွေး(မန်းတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(ဖဲပုံ)

(၃၄၂)

## မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၌ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး မေ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကြီးမှူးကာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို အဆိုပါရုံးရှိ သင်တန်းခန်းမဆောင်၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေက "ဝန်ထမ်းများအနေဖြင့် သင်တန်းကာလမှာ သင်ကြားတဲ့ သင်ခန်းစာဘာသာရပ်များကို ကြိုးစားလေ့လာကြစေရန်" မှာကြားခဲ့သည်။ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၂၆)ကာလကို မေ ၁၁ ရက်မှ မေ ၂၆ ရက်အထိ သင်တန်းနည်းပြ ၁၅ ဦးမှ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးအား သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲလင်းထက်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုဝင်း၊ မူပိုင်ခွင့်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ဝ၉-၇၅၁၁၇ဝ၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အနေဖြင့် UN Peacekeeping ဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်ဆိုင်ရာလေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှု မှတ်တမ်းများအား လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနားတက်ရောက်လာကြသူများက "Indian Army Contribution to the United Nation Peacekeeping Operations" Video Clip ကို ကြည့်ရှုကြပြီး အိန္ဒိယနိုင်ငံ Center for United Nations Peace-keeping(CUNPK)မှ သင်တန်းနည်းပြခေါင်းဆောင်က သင်တန်းရည်ရွယ်ချက်နှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သင်တန်းနည်းပြ ခေါင်းဆောင်တို့က အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသည် (၉)ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ သင်တန်းသား အရာရှိ ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်း တည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များကို စာတွေ့၊လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## နမ့်စန်မြို့ နမ့်စန်သင်တန်းစခန်းတွင် ဖွင့်လှစ်လျက်ရှိသော အခြေခံလေကြောင်းလူငယ်သင်တန်းအား တာဝန်ရှိသူများ သွားရောက်ကြည့်ရှု

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ နမ့်စန်သင်တန်းစခန်းရှိ အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁၀)၌ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာသင်ကြားပို့ချသင်ယူနေမှုများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ခန်းစာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူးလဆန်း ၆ ရက်)** မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကလောမြို့နယ်၌ ပျားမွေးမြူရေးဆိုင်ရာ ပြည်သူတိုးချဲ့ပညာပေးသင်တန်းဖွင့်

ကလော မေ ၁၁

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကလောမြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးအနေဖြင့် ရက်(၁၀၀)စီမံချက်အတွင်း ပြည်သူတိုးချဲ့ပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရေချိုကျေးရွာအုပ်စု ဓာတ်မြေရုံး၌ ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ကလောမြို့နယ်တာဝန်ခံ ဦးကျော်လင်းက ပျားအုံတစ်အုံ၏ ဖွဲ့စည်းပုံ၊ ပျားရောဂါ၊ ပျားမွေးမြူခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူး၊ ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ နှမ်းတို့ကို ပျားဖြင့်ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံများအထွက်တိုးစေခြင်းနှင့် ပျားမွေးမြူရာတွင် လိုအပ်မည့် ပစ္စည်းအကြောင်း၊ ပျားရည်ထုတ်ယူနည်းနှင့် ပျားများပြုစုပုံ



အဆင့်ဆင့်၊ အစာကျွေးနည်း၊ ပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်၊ အားနည်းချက်နှင့် အားသာချက်များအကြောင်းကို ပျားအုံဖြင့် လက်တွေ့အသိပညာပေး ရှင်းလင်းခဲ့သည်။

သင်တန်းတွင် သင်တန်းသား ၂၅ ဦးအား မေ ၈ ရက်မှ ၁၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**စစ်ကိုင်း မေ ၁၁**

စစ်ကိုင်းခရိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ ဖွင့်လှစ်သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမျက်မမြင်ကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်မိသားစု၏ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်တွင်ကျင်းပသည့် သိမ်ဆင်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညိုလောင်းလှူ

**မန္တလေး မေ ၁၁**

(၁၄)ကြိမ်မြောက် စစ်တက္ကသိုလ် မိသားစု ရဟန်းခံ၊ ရှင်ပြုနားသအလှူတော်မင်္ဂလာအခမ်းအနားကို မေ ၉ ရက်နှင့် ၁၀ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃)ရှိ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်နှင့် စစ်တက္ကသိုလ်ရှိ အောင်ဇေယျခန်းမတို့တွင် ကျင်းပပြီး မေ ၁၀ ရက် နံနက်ပိုင်းက သိမ်ဆင်းလောင်းလှူပွဲအခမ်းအနားကိုကျင်းပရာ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်)၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏာဘာသအမှူးပြုပြီး ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ ပြင်ဦးလွင်တပ်နယ်မှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွဋ်ခေါင်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက တပ်ဦးမဟာဂန္ဓာရုံ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ နဝကမ္မဝတ္ထုငွေများ လှူဒါန်းခဲ့သည်။

သိမ်ဆင်းလောင်းလှူပွဲတွင် တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြင်ဦးလွင် တပ်နယ်မှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀







## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် ကျေးလက်နေလူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက နတ်ကြီးကုန်းကျေးရွာတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိုက်က သင်တန်းဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေအား ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စန်းနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းသင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေလူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ)သင်တန်းကို ၂၀ ဦးဖြင့် မေ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)



## သန့်ရှင်းသောသောက်သုံးရေနှင့် တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ဗီနိုင်းပိုစတာများ အခမဲ့ဖြန့်ဝေ

**ဇမ္ဗူသီရိ မေ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းကျန်းမာပြီး လူနေမှုဘဝ မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက အလျှင်လိုကျေးရွာသို့ သွားရောက်ပြီး သန့်ရှင်းသောသောက်သုံးရေနှင့် တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဗီနိုင်းပိုစတာများ အခမဲ့ဖြန့်ဝေပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းနှင့် ဝန်ထမ်းများက အလျှင်လိုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် သန့်ရှင်းသောသောက်သုံးရေနှင့် တစ်ကိုယ်ရေကျန်းမာသန့်ရှင်းအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ကျေးရွာဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးဟောပြော၍ တက်ရောက်လာသူများ၏ သိရှိလိုသည့် ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အသိပညာပေးဗီနိုင်းပိုစတာများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၄၅)

၀-၀-၀-၀



**ပန်းမန်သစ်ပင် လေသန့်စင်၍၊ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး မေ ၁၁**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက လုပ်ငန်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို မူဝါဒများ၊ လမ်းညွှန်ချက်များအတိုင်း စနစ်တကျစီမံကာ ပညာရှင်များဖြင့် ရှေးမူမပျက် အကောင်းဆုံးဆောင်ရွက်ခဲ့ကြသည့်အတွက် လုပ်ငန်းပြီးစီးခြင်း တိုးတက်မှုများရှိခဲ့ပါကြောင်း၊ မိုးရာသီရောက်ရှိလာပြီဖြစ်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး၊ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ဘုရားကြီးပရိဝုဏ်အတွင်း၊ အပြင်သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားကာ ဆောင်ရွက်သွားရေး၊ ယာယီဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများ စည်းကမ်းချက်များနှင့်အညီ စနစ်တကျဖြစ်စေရေးတို့ကို ကြပ်မတ်ဆောင်ရွက်သွားရေး၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာဖြင့် တင်ပြသွားရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် မဟာမုနိရုပ်ရှင်တော်မြတ် ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## တောင်တွင်းကြီးမြို့၌ ၂၀၂၆-၂၀၂၇ ခုနှစ် ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့

**တောင်တွင်းကြီး မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင်၂၀၂၆-၂၀၂၇ ခုနှစ် ရက်(၁၀၀) Quick Win ဆောင်ရွက်မည့် တောင်သူများအား သီးနှံမျိုးစေ့များထောက်ပံ့ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအဖွဲ့ဝင်များနှင့် ရက်(၁၀၀)Quick Win ဆောင်ရွက်မည့် ကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် တောင်သူများအား သီးနှံမျိုးကောင်းမျိုးသန့်များရရှိမှုအပေါ် ယန်းတိုင်အထွက်နှုန်းရရှိရေး အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မျိုးအေးက ဌာန၏ဆောင်ရွက်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်း၊ စိုက်နည်းစနစ်များ မှန်ကန်တိုးတက်လာစေရေးအတွက် တောင်သူနည်းပညာပေးလုပ်ငန်းသုတေသနစမ်းသပ်ပြုလုပ်သည့် လုပ်ငန်းများအပေါ် တောင်သူများမှ ပူးပေါင်းဆောင်ရွက်၍ အဓိကသီးနှံများ ပန်တိုင်အထွက်နှုန်းရရှိရေးနည်းနစ်များ လိုက်နာကျင့်သုံးစေရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် ရက်(၁၀၀) အတွင်း ဆောင်ရွက်မည့် သီးနှံမျိုးစေ့များဖြစ်သည့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ဝါမျိုးစေ့များကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဦးမျိုး(မိသနီးမြေ)**



**ညောင်ဦး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံအင်္ဂလိပ်စာ၊ ပန်းချီနှင့်စစ်တုရင်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သင်တန်းဆင်းပွဲကျင်းပခဲ့သည်။

အခြေခံအင်္ဂလိပ်စာ၊ ပန်းချီနှင့် စစ်တုရင်သင်တန်းဆင်းပွဲအခမ်းအနားတွင် ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက နွေရာသီကျောင်းပိတ်ချိန်မှစတင်၍ သင်တန်းများ နှစ်လခွဲကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး၊ သင်တန်းများကို မပျက်မကွက်တက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ သင်တန်းတက်ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပေးသည့် သင်တန်းဆရာများအားလည်း ကျေးဇူးတင်အမှာစကားပြောကြားသည်။

## နွေရာသီအခြေခံအင်္ဂလိပ်စာ၊ ပန်းချီနှင့် စစ်တုရင် သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ပုံပြင်ပြောပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော ပြိုင်ပွဲဝင် Video Clip အား ပြသည်။

ဆက်လက်၍ နွေရာသီသင်တန်းတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်မှပြုလုပ်သော ပုံပြင်ပြောပြိုင်ပွဲ ဒုတိယဆုရရှိသော မဟာန်ဆုရှင်အား ဆုချီးမြှင့်ပေးအပ်ကာ သင်တန်းကို အခမဲ့မေတ္တာဖြင့် သင်ကြားပေးသော သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

---

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ကမ္ဘာ့အကြီးမားဆုံး ချစ်သဝဏ်လွှာ

ကိုစုံ(ပုသိမ်)



ဆောင်းပါးခေါင်းစဉ်ကိုကြည့်ပြီး စာရေးသူတစ်ယောက် အချစ်အကြောင်းရေးမည်ဟု ယူဆမိကြပါလိမ့်မည်။ သို့သော် လုံးဝမဟုတ်ပါ။ ယနေ့ခေတ် လမ်းပန်းဆက်သွယ်ရေး နယ်ပယ်တွင် များစွာအသုံးဝင်ပြီး ခေတ်စားလာနေသော GPS အကြောင်းကို ဂျပန်နိုင်ငံမှ သတင်းတစ်ပုဒ်နှင့်အတူ ရေးသားတင်ပြလိုခြင်း ဖြစ်သည်။

ချစ်သူကို လက်ထပ်ခွင့်တောင်းရန်အတွက် လူအများစုမှ လက်စွပ်လှလှလေးတစ်ကွင်းနှင့်တင် ကျေနပ်တတ်ကြသော်လည်း ဂျပန်နိုင်ငံသား Yasushi Takahashi (ခေါ်) Yassan သည် သူ၏ဘဝကိုပါရင်းပြီး ထူးထူးခြားခြား ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ သူသည် အဆိုပါအစီအစဉ်အတွက် ၂၀၀၈ ခုနှစ်တွင် အလုပ်မှ နုတ်ထွက်လိုက်ပြီး ဂျပန်တစ်နိုင်ငံလုံးကို ခြောက်လတိုင်တိုင် လှည့်လည်ခဲ့ခြင်းဖြစ်သည်။ ခြောက်လကြာ ခရီးကြမ်းနှင့် ပေးဆပ်မှုများဖြင့် သူ၏ခရီးစဉ်သည် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလအထိ ကြာမြင့်ခဲ့သည်။ ဂျပန်နိုင်ငံ မြောက်ဘက်စွန်း ဟော့ကိုင်းဒိုးမှ တောင်ဘက်စွန်း ကာဂိုရှီးမားအထိ ကီလိုမီတာ ၇၁၆၃ ကျော်ကို လမ်းလျှောက်လိုက်၊ စက်ဘီးစီးလိုက်၊ ကားမောင်းလိုက်နှင့် စကားလုံးတစ်ခုကို ပုံဖော်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က သူသည် ဟိုတယ်မှာ မအိပ်ဘဲ ကားထဲမှာပဲ အိပ်စက်ရင်း အဆိုပါခရီးစဉ်ကို အောင်မြင်အောင် ကြိုးစားခဲ့သည်။

အဆိုပါအရာသည် Google Earth ပေါ်မှ အကြီးမားဆုံး အချစ်သဝဏ်လွှာပင်ဖြစ်သည်။ ခရီးစဉ်အဆုံး သူသွားခဲ့သည့်လမ်းကြောင်း မှတ်တမ်း (GPS coordinates) များကို Google Earth ပေါ် တင်ကြည့်လိုက်သည့်အခါ တစ်ကမ္ဘာလုံး အံ့သြသွားကြရသည်။ ဂျပန်နိုင်ငံ မြေပုံကြီးတစ်ခုလုံးပေါ်၌ "MARRY ME" ဆိုသည့် စာသားကြီးကို အကြီးအကျယ် ရေးထိုးထားခြင်းဖြစ်ပြီး ဟော့ကိုင်းဒိုးကျွန်းပေါ်၌ ချစ်စရာကောင်းသည့် နှလုံးသားပုံလေးတစ်ပုံ ပေါ်လာခဲ့သည်။ သူ၏ချစ်သူ Natsuki သည် အစပိုင်းတွင် အင်္ဂလိပ်စာသားဖြစ်နေ၍ အနည်းငယ်ကြောင်သွားခဲ့သော်လည်း အဓိပ္ပာယ်ကို နားလည်သွားသည့်အခါတွင် ဤမျှ အပင်ပန်းခံထားသည့် Yassan ၏ လက်ထပ်ခွင့်ကို ဝမ်းသာအားရ လက်ခံခဲ့သည်။

အဆိုပါအံ့မခန်းလုပ်ရပ်ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် "ကမ္ဘာ့အကြီးဆုံး GPS ပုံဖော်မှု" အဖြစ် ဂရင်းနစ်ကမ္ဘာ့စံချိန် တင်နိုင်ခဲ့သည်။ ယခုဆိုလျှင် Yassan သည် သာမန်ခရီးသွားတစ်ယောက်မျှမကပဲ ပရော်ဖက်ရှင်နယ် GPS အနုပညာရှင်တစ်ယောက် ဖြစ်လာနေသည်။ သူသည် နိုင်ငံပေါင်း ၂၄ နိုင်ငံ၌ ဒစ်ဂျစ်တယ် အနုပညာလက်ရာပေါင်း ၁၄၀၀ ကျော်ကို ဖန်တီးနိုင်ခဲ့ပြီး နည်းပညာနှင့် အနုပညာကို ပေါင်းစပ်ပြသနေသည့် ကမ္ဘာကျော်တစ်ဦး၊ ပညာရှင်တစ်ဦး ဖြစ်လာနေပြီဖြစ်သည်။

ဤနေရာတွင် GPS စနစ်ဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကိုလည်း ရှင်းလင်းဖော်ပြပေးပါမည်။ GPS ဆိုသည်မှာ Global Positioning System စကားလုံး၏ အတိုချုံးစကားလုံးဖြစ်သည်။ ထို့ကြောင့် ဂြိုဟ်တုအခြေပြုတည်နေရာပြစနစ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ လည်ပတ်နေသည့် ဂြိုဟ်တုများက ထုတ်လွှတ်သည့်လှိုင်းများကို ကြည့်ပြီး မိမိ၏တည်နေရာကို တိကျစွာ သတ်မှတ်နိုင်သည့် စနစ်ဖြစ်သည်။ GPS စနစ်အား အဓိကအားဖြင့် အစိတ်အပိုင်း သုံးပိုင်းနှင့် ဖွဲ့စည်းထားပါသည်-

**GPS ဆိုသည်မှာ Global Positioning System**
**စကားလုံး၏ အတိုချုံးစကားလုံးဖြစ်သည်။**
**ထို့ကြောင့် ဂြိုဟ်တုအခြေပြု တည်နေရာပြစနစ်ဟုလည်း**
**ခေါ်ဆိုနိုင်သည်။ ကမ္ဘာပတ်လမ်းကြောင်းပေါ်၌**
**လည်ပတ်နေသည့် ဂြိုဟ်တုများက**
**ထုတ်လွှတ်သည့်လှိုင်းများကို ကြည့်ပြီး မိမိ၏တည်နေရာကို**
**တိကျစွာ သတ်မှတ်နိုင်သည့်စနစ်ဖြစ်သည်။**

**(၁) ဂြိုဟ်တုများ (Satellites):**

ကမ္ဘာကို ပတ်လည်ဝန်းရံ၍ စောင့်ကြည့်နေသည့် ဂြိုဟ်တုများက တည်နေရာအချက်အလက်များကို ထုတ်လွှတ်ပေးသည်။

**(၂) ထိန်းချုပ်စခန်းများ(Control Segments):**

အဆိုပါစခန်းများက ဂြိုဟ်တုများ၏ တည်နေရာနှင့် နာရီအချိန်ကို ထိန်းချုပ်ပေးပါသည်။

**(၃) လက်ခံစက်များ (User Segments):**

ကျွန်တော်တို့သုံးစွဲနေသည့် ဖုန်း၊ ကား၊ နာရီများ၌ ပါရှိသည့် GPS လက်ခံစက်များက ဂြိုဟ်တုများ၏ လှိုင်းများကို လက်ခံပြီး တည်နေရာကို တွက်ချက်ပေးပါသည်။

GPS လက်ခံစက်က အနည်းဆုံး ဂြိုဟ်တုလေးလုံး၏ လှိုင်းကို လက်ခံရမှာ ဖြစ်ပါသည်။ အဆိုပါလှိုင်းများက ထုတ်လွှတ်သည့်အချိန်နှင့် လက်ခံရရှိသည့်အချိန်ကြားမှ ကွာခြားချက်ကို အသုံးပြုပြီး လက်ခံစက်၏တည်နေရာကို တွက်ချက်နိုင်ပါသည်။ GPS ၏ အသုံးဝင်ပုံ များပြားလာမှုနှင့်အတူ GPS က လူသားများ၏ ဘဝကို များစွာ ပြောင်းလဲပေးခဲ့သည်။ အသုံးဝင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(၁) လမ်းညွှန်ခြင်း**

ကား၊ မော်တော်ဆိုင်ကယ်၊ လူသွားလမ်းများမှာ လမ်းညွှန်ပေးနိုင်သည်။

**(၂)ကယ်ဆယ်ရေး**

ပျောက်ဆုံးသူများကို ရှာဖွေရာတွင် အသုံးဝင်သည်။

**(၃)သဘာဝဘေး**

ဆိုင်ကလုန်း၊ မြေငလျင် စသည့် သဘာဝဘေးများကို ခန့်မှန်းရာတွင် အသုံးပြုသည်။

**(၄)စိုက်ပျိုးရေး**

စိုက်ပျိုးဧက၊ ရေလောင်းခြင်း၊ စိုက်ပျိုးရေးစီမံချက်များမှာ အထောက်အကူပြုသည်။

**(၅)အခြားသုံးစွဲမှုများ**

ကုန်တင်ယာဉ်စီမံခန့်ခွဲမှု၊ ငါးဖမ်းလုပ်ငန်း၊ စစ်ရေးနဲ့ အခြားနယ်ပယ်များမှာလည်း အသုံးဝင်ပါသည်။

ထို့အပြင် အနာဂတ်ကာလများတွင်လည်း GPS စနစ်က တိုးတက်မှုများနှင့်အတူ ပိုမိုတိကျ၊ ပိုမိုအသုံးဝင်လာမှာ ဖြစ်ပါသည်။ GPS, GNSS နှင့် အခြားသော ဂြိုဟ်တုစနစ်များစွာ ရှိသည်-

**(၁) GPS ဆိုသည်မှာ**

Global Positioning System ကို အတိုချုံး ပြောခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက တီထွင်ထားသည့် ဂြိုဟ်တု အခြေခံတည်နေရာပြစနစ် ဖြစ်သည်။ ကမ္ဘာကို ပတ်လည်ဝန်းရံကြည့်ရှုနေသည့် အမေရိကန်ပြည်ထောင်စု၏ ဂြိုဟ်တုများက ထုတ်လွှတ်သည့်လှိုင်းများကို အသုံးပြုပြီး ကမ္ဘာပေါ်က မည်သည့်နေရာကိုမဆို တိတိကျကျ ရှာဖွေသတ်မှတ်နိုင်စွမ်းရှိသည်။

**(၂) GNSS ဆိုသည်မှာ**

Global Navigation Satellite System ၏ အတိုချုံးဖြစ်ပြီး ကမ္ဘာပေါ်မှာရှိသည့် ဂြိုဟ်တုအခြေခံတည်နေရာပြစနစ်အားလုံးကို အခြေခံသည့် အခေါ်အဝေါ်ဖြစ်သည်။ GPS သည် GNSS စနစ်တစ်မျိုးသာ ဖြစ်သည်။

**(၃)အခြားသော ဂြိုဟ်တုစနစ်များ**

(က) GLONASS: ရုရှားက တီထွင်ထားသည့် ဂြိုဟ်တုစနစ်ဖြစ်ပြီး GPS နှင့် အလားတူဖြစ်သည်။

(ခ) Galileo: ဥရောပသမဂ္ဂက တီထွင်ထားသည့် ဂြိုဟ်တုစနစ်ဖြစ်ပြီး တိကျမှု အလွန်မြင့်မားပါသည်။

(ဂ) BeiDou: တရုတ်က တီထွင်ထားသည့် ဂြိုဟ်တုစနစ်ဖြစ်ပြီး အာရှဒေသမှာ အဓိကအသုံးပြုသည်။

(ဃ) QZSS: ဂျပန်က တီထွင်ထားသည့် ဂြိုဟ်တုစနစ်ဖြစ်ပြီး ဂျပန်နှင့် အရှေ့အာရှဒေသများမှာ တိကျမှု အလွန်မြင့်မားသည်။

(င) IRNSS: အိန္ဒိယက တီထွင်ထားသည့် ဂြိုဟ်တုစနစ်ဖြစ်ပြီး စစ်ဘက်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုသည်။

တစ်နိုင်ငံတည်းမှာ တီထွင်ထားသည့် စနစ်ကို အဓိကအားကိုးလျှင် ပဋိပက္ခဖြစ်ပွားမှု၊ သဘာဝဘေးစသည့် အခြေအနေများမှာ စနစ်တစ်ခုလုံး ပျက်သွားနိုင်ခြေရှိသည်။ စနစ်များစွာကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် တည်နေရာသတ်မှတ်မှု ပိုမိုတိကျစေနိုင်ပါသည်။ ကမ္ဘာ့အနှံ့အပြားမှာ အသုံးပြုနိုင်မည့် စနစ်များကို တီထွင်နိုင်ခြင်းဖြင့် အသုံးပြုရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေသည်။

အချုပ်အားဖြင့်ဆိုရသော် GPS သည် ဂြိုဟ်တုအခြေခံတည်နေရာပြစနစ်များထဲမှ တစ်ခုဖြစ်ပြီး GNSS က အဆိုပါစနစ်အားလုံးကို အခြေခံသည့် အခေါ်အဝေါ်ဖြစ်သည်။ ကမ္ဘာ့အနှံ့အပြားတွင် နိုင်ငံတကာအသီးသီးက တီထွင်ထားသည့် ဂြိုဟ်တုစနစ်များစွာရှိနေပြီး အဆိုပါစနစ်များက ကျွန်တော်တို့၏ နေ့စဉ်ဘဝများတွင် တည်နေရာပြသရန်အတွက် အလွန်အသုံးဝင်နေပြီဖြစ်ပါကြောင်း ဗဟုသုတရရှိနိုင်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။

**Ref : News from Google and Gemini AI facts.**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များမှ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်း ဥပဒေ၏ အကာအကွယ်ကိုအညီအမျှရရှိစေရေးဆိုင်ရာများနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံကိန်းဆောင်ရွက်မည့် အစီအမံများအပေါ် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများအား ရှင်းလင်းဆွေးနွေးမှာကြားခြင်းများအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်းက ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ နိုင်ငံတော်သမ္မတလမ်းညွှန်ချက်များနှင့် ရက်(၁၀၀) စီမံကိန်းဆိုင်ရာရှင်းလင်းချက်များ၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်များအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က ဥပဒေရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းလမ်းညွှန်ချက်များအားလည်းကောင်း ထပ်ဆင့်ရှင်းလင်းခဲ့ကြသည်။

၎င်းအခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥတ္တရခရိုင်၊ ဒေယျာသီရိခရိုင်၊ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင် ဥပဒေရုံးနှင့် ယင်းတို့၏ခရိုင်များအတွင်းရှိ မြို့နယ်ဥပဒေရုံးများ၊ ရမည်းသင်းခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ စုစုပေါင်း ၈၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

# မိုင်းကိုင်မြို့နယ်၌ စိမ့်စမ်းရေသွယ်တန်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**မိုင်းကိုင် မေ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဖက်ဟိကျေးရွာစိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများသည် ဖက်ဟိကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း(၂/၀)မိုင်နှင့် ဆက်စပ်လုပ်ငန်းများ ရက်(၁၀၀)စီမံချက်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်နိုင်ရန် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် ဖက်ဟိကျေးရွာ စိမ့်စိမ်းရေသွယ်တန်းခြင်းလုပ်ငန်းအတွက် ရေအရင်းမြစ်ထွက်ရှိသော သောက်သုံးရေများ ကျေးရွာအတွင်းသို့ သွယ်တန်းရယူနိုင်သောနေရာများအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းထံမှ သိရသည်။



**အောင်ရဲကျော်**

# နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**မြင်းခြံ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သူ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID Card များထုတ်ပေးခြင်းတို့ကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID Card များ နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ကာယကံရှင်များ လက်ဝယ်အရောက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

(၃၆၆)

၀-၀-၀-၀

၀-၀-၀-၀-၀

**နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ နောင်ချိုမြို့မဈေးကြီးအတွင်း မေ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြပြီး အမှုဆောင်အရာရှိမှ ဈေးနှင့်ပတ်သက်သည့်ကိစ္စများအား ရှင်းလင်းဆောင်ရွက်ခဲ့စဉ်။ (ကဆ)**



# မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီး (၁၈)နှစ်ပြည့် အထိမ်းအမှတ် ကျင်းပနိုင်ရေးညှိနှိုင်းဆွေးနွေး



**မန္တလေး မေ ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတည်ထောင်ခြင်း (၁၈)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက လာမည့် မေ ၂၃ ရက်တွင် ကျရောက်မည့် (၁၈)နှစ်ပြည့်အထိမ်းအမှတ်ပွဲတွင် ဆေးရုံစတင်ဖွင့်လှစ်စဉ်ကတည်းက စေတနာထက်သန်စွာ တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ကော်မတီဝင်လူကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဆေးရုံကြီးရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြရာ သံဃာတော်များနှင့် သီလရှင်များအား အခမဲ့ကုသပေးနေသည့်အပြင် ယခုအခါ ငွေကြေးအကုန်အကျ မတတ်နိုင်သည့် လူပုဂ္ဂိုလ်များအတွက်လည်း အထွေထွေရောဂါ၊ အရေပြား၊ အရိုးအကြော၊ ကျောက်ကပ်တု သွေးသန့်စင်ခြင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေခွဲစိတ်ကုသမှုလုပ်ငန်းများကို သက်သာသော အဖိုးနှုန်းထားများဖြင့် လက်ခံကုသပေးသွားမည့် အစီအစဉ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ မှတ်တမ်းများအရ ဆေးရုံစတင်ဖွင့်လှစ်ချိန်မှ ၂၀၂၅ ခုနှစ်ကုန်အထိ ပြင်ပလူနာအဖြစ် သံဃာတော် ၁၀၈၂၅၉ ပါး၊ သီလရှင် ၃၀၃၉၄ ပါးနှင့် လူပုဂ္ဂိုလ် ၁၄၈၀၅ ဦးတို့ကို ကုသပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် အတွင်းလူနာ၊ ကျောက်ကပ်ဆေးလူနာ၊ ခွဲစိတ်လူနာ၊ သွားနှင့် မျက်စိရောဂါဝေဒနာရှင်များကိုလည်း ကဏ္ဍအလိုက် ထောင်ပေါင်းများစွာ ကုသပေးနိုင်ခဲ့သည်။

လက်ရှိတွင် ဆေးရုံကော်မတီအနေဖြင့် သံဃာတော်နှင့် သီလရှင်များအတွက် ကုသိုလ်ဖြစ်ကုသစရိတ်များ လိုအပ်နေသည့်အပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်မှုရှိခဲ့သည့် ဆေးရုံအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးနှင့် ခေတ်မီဆေးရုံတစ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် အလှူရှင်များအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

# တရုတ်-ရုရှားဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခြင်းက သမိုင်းဝင်အခွင့်အလမ်းများ ဆောင်ကြဉ်းလာခဲ့ကြောင်း တရုတ်တာဝန်ရှိသူပြောကြား

ပေကျင်း မေ ၁၁

တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခြင်းက သမိုင်းဝင် အခွင့်အလမ်းသစ်များကို ဆောင်ကြဉ်းလာခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် နယ်ပယ်ကဏ္ဍများစွာတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အသင့်ရှိနေကာ တရားမျှတ၍ ကျိုးကြောင်းဆီလျော်မှုရှိသည့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျီကန်က မေ ၁၁ ရက်တွင် ပြောကြားသည်။

မေ ၉ ရက်တွင်ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲအောင်နိုင်ခြင်းနေ့ အခမ်းအနားကျင်းပရာ၌ တရုတ်-ရုရှား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်၏ ကြေညာချက်နှင့် ပတ်သက်ပြီး ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပဋိပက္ခများကိုတားဆီးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက် တည်ငြိမ်မှုကို ကာကွယ်ရန်အတွက် အဓိကကျသည့် ထောက်တိုင်တစ်ခုဖြစ်လာကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယခုနှစ်သည် တရုတ်-ရုရှား မဟာဗျူဟာမြောက် ပေါင်းစပ်ညှိနှိုင်းရေး မိတ်ဖက်အဖွဲ့အစည်း တည်ထောင်ခြင်း နှစ်(၃၀)ပြည့်မြောက်သည့် အချိန်အခါဖြစ်ပြီး တရုတ်-ရုရှား အိမ်နီးချင်းကောင်းနှင့် ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ် လက်မှတ်ရေးထိုးသည့် (၂၅)ပြည့်နှစ်ဖြစ်ကာ တရုတ်နှင့်ရုရှားနိုင်ငံကြား ပညာသင်ကြားရေးနှစ်များ စတင်သတ်မှတ်သည့်နှစ်လည်းဖြစ်ကြောင်း ဂါအိုဂျီကန်က မှတ်ချက်ပြုခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်ကို ကိုင်စွဲကာ ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့်ရလဒ်များ ရရှိရေး ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ပြီးခဲ့သည့်နှစ်များအတွင်းက နှစ်နိုင်ငံ ခေါင်းဆောင်များ၏ မဟာဗျူဟာမြောက် လမ်းညွှန်မှုအရ နှစ်နိုင်ငံဆက်ဆံရေးကို မြင့်မားသည့်အဆင့်သို့ မြှင့်တင်နိုင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုရရှိစေရေး ဆောင်ရွက်နိုင်ခဲ့သည်ဟု ၎င်းကပြောကြားသည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## အိန္ဒိယနှင့် ပီရူးနှစ်နိုင်ငံ အဆိုပြုထားသည့်အတိုင်း လွတ်လပ်သောကုန်သွယ်မှု ဆွေးနွေးပွဲများ ကျင်းပမည်



ဒေလီ မေ ၁၁

အိန္ဒိယနိုင်ငံနှင့် ပီရူးနိုင်ငံတို့သည် အဆိုပြုထားသည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ဆိုင်ရာ နောက်ထပ်ဆွေးနွေးပွဲများကို လာမည့်လတွင် ကျင်းပကာ ယင်းသဘောတူညီချက်ကို ယခုနှစ်ကုန်တွင် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိသည်ဟု ပီရူးအဆင့်မြင့်သံတမန်တစ်ဦးက ထုတ်ဖော် ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မူအားဖြင့် ဇွန်လတွင် ဆွေးနွေးပွဲများကို ပြန်လည်စတင်သွားမည်ဟု အိန္ဒိယနိုင်ငံဆိုင်ရာ ပီရူးသံအမတ်ကြီး ဟာဗီယာပေါ်လီနစ်ရှိက ပြောကြားခြင်းဖြစ်သည်။

ကမ္ဘာ့တတိယအကြီးဆုံး ကြေးနီထုတ်လုပ်သည့်နိုင်ငံဖြစ်သော ပီရူးနိုင်ငံသည် အရေးပါသည့် သတ္တုတွင်းထွက်ပစ္စည်းများနှင့်ပတ်သက်သော အခန်းကဏ္ဍကိုလည်း အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **Mon**




## ဌာနေသို့ပြန်ခေါ်လာသည့် လေယာဉ်ပေါ်ပါ ခရီးသည်တစ်ဦးတွင် ဟန်တာဗိုင်းရပ်စ်ပိုးတွေ့ရသည်ဟု အမေရိကန် ထုတ်ပြန်ကြေညာ

ဝါရှင်တန် မေ ၁၁

အမေရိကန်နိုင်ငံသားများကို ဌာနေသို့ပြန်ခေါ်လာသည့် လေယာဉ်ပေါ်ပါ ခရီးသည်တစ်ဦးတွင် ဟန်တာဗိုင်းရပ်စ်ပိုးတွေ့ရှိရပြီး အခြားတစ်ဦးတွင်လည်း ရောဂါလက္ခဏာ အနည်းငယ်တွေ့ရှိရသည်ဟု အမေရိကန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါခရီးသည်နှစ်ဦးမှာ လူသေဆုံးမှုရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားရာ အပျော်စီး သင်္ဘောပေါ်မှ ဆင်းလာသူများဖြစ်ကြသည်။ အစိုးရအထူးလေယာဉ်ဖြင့် လိုက်ပါလာသည့် ၎င်းတို့နှစ်ဦးကို အထူးကြပ်မတ်ကာ ပိုးမွှားထိန်းချုပ်မှုစနစ်ပါဝင်သော အခန်းများအတွင်း ထည့်သွင်းသယ်ဆောင်လာခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လေယာဉ်ဆိုက်ရောက်ချိန်တွင် လိုက်ပါလာသူ အမေရိကန်နိုင်ငံသား ၁၇ ဦးလုံးကို နီဘရားစကားပြည်နယ်ရှိ ဆေးဘက်ဆိုင်ရာဌာနတစ်ခု၌ ဆက်လက်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

၎င်းတို့သည် စပိန်နိုင်ငံ၊ ကနေရီကျွန်းစု၌ ဆိုက်ကပ်ထားသည့် အပျော်စီး သင်္ဘောပေါ်မှ နေရပ်ပြန်ခေါ်ဆောင်လာသူ ခရီးသည် ၉၀ ကျော်ထဲတွင် ပါဝင်သူများဖြစ်ကြောင်း သိရသည်။ **Mon**

## လေယာဉ်အဆင်းဂီယာဘီးများမှ မီးခိုးများထွက်ပေါ်လာသဖြင့် တူရကီလေယာဉ်ခရီးသည်များကို ဘေးကင်းရာရွှေ့ပြောင်းပေးခဲ့ရ

ခတ္တမန္ဒူ မေ ၁၁

နီပေါနိုင်ငံ၏ မြို့တော် ခတ္တမန္ဒူမြို့သို့ ဆိုက်ရောက်ပြီးနောက် ပြေးလမ်းပေါ်၌ ခေတ္တမောင်းနှင်နေစဉ် လေယာဉ်အဆင်းဂီယာဘီးများမှ မီးခိုးများထွက်ပေါ်လာသဖြင့် တူရကီလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းပေါ်ရှိ ခရီးသည်များကို ယမန်နေ့က ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အဆိုပါဖြစ်စဉ်ကြောင့် လေဆိပ်ကို တစ်နာရီကြာ ပိတ်ထားခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဲဘတ်စ် အေ ၃၃၀ အမျိုးအစားလေယာဉ်၏ ညာဘက်နောက်ဘက်ဘီးတွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လေယာဉ်ကို ပြေးလမ်းသို့ မဆွဲယူမီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း နီပေါအရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့က အစောပိုင်းတွင် ထုတ်ပြန်သည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၂၇၇ ဦးနှင့် လေယာဉ်အမှုထမ်း ၁၁ ဦးစလုံးကို အရေးပေါ်ထွက်ပေါက်များမှတစ်ဆင့် ရွှေ့ပြောင်းပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးမျှမရှိဟု လေကြောင်းထိန်းသိမ်းရေးအဖွဲ့နှင့် လေကြောင်းလိုင်းတို့က အတည်ပြုကြောင်း သိရသည်။ **Mon**




## လေလံတင်မည့် ကျော့ဂ်စီမ်း အဆင်တန်ဆာများအနက်မှ လက်ရာအချို့ကို ပေကျင်းမြို့တော်၌ ကြိုတင်ပြသထား

ပေကျင်း မေ ၁၁

ကျော့ဂ်စီမ်း၏ ထာဝရအလှတရားကို ဖော်ကျူးထားသည့် အနုစိတ်လက်ရာမြောက်သော အဆင်တန်ဆာများကို ယခုလနှောင်းပိုင်းတွင် ဟောင်ကောင်၌ ခရစ္စတီးလေလံလုပ်ငန်းက လေလံတင်ရောင်းချမည်ဖြစ်ပြီး ၎င်းတို့အနက်မှ ရွေးချယ်ထားသော လက်ရာများကို ပေကျင်းမြို့တော်၌ ကြိုတင်ပြသထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပေကျင်းမြို့ပြပွဲတွင် လည်ဆွဲများ၊ လက်ကောက်များ၊ နားကပ်များနှင့် အခြားအလှဆင်ပစ္စည်းများအပြင် စုဆောင်းသူများထံမှ ရွေးချယ်ထားသော လက်ပတ်နာရီများကိုလည်း ပြသထားသည်။

ယင်းပစ္စည်းများကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် အထူးလေလံပွဲအပတ်စဉ်အတွင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**



STOP AIDS

# တရုတ်နိုင်ငံ၌ သူနာပြုလုပ်သားအင်အား တိုးတက်လာ

ပေကျင်း မေ ၁၁

တရုတ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မှတ်ပုံတင်ထားသော သူနာပြုဦးရေ ၂၉ ရာခိုင်နှုန်း တိုးတက်လာကြောင်းနှင့် ပြီးခဲ့သည့်နှစ်ကုန်တွင် စုစုပေါင်းသူနာပြုအရေအတွက် ၆ ဒသမ ဝ၆ သန်းကျော်ရှိခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ လူ ၁၀၀၀ လျှင် မှတ်ပုံတင်ထားသောသူနာပြုဦးရေသည် ၂၀၂၀ ပြည့်နှစ်တွင် ၃ ဒသမ ၃၄ ဦးမှ ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၃၂ ဦးအထိ မြင့်တက်လာခဲ့သည်။

### သူနာပြု ၉၀ ရာခိုင်နှုန်းကျော် တာဝန်ထမ်းဆောင်

ပြန်လည်ထူထောင်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ ကလေးအထူးကု၊ အထူးကြပ်မတ်ကုသရေးနှင့် ကူးစက်ရောဂါစောင့်ရှောက်မှုအပါအဝင် လုပ်ငန်းကဏ္ဍများစွာတွင် အထူးလေ့ကျင့်ထားသည့် သူနာပြု ၉၀ ရာခိုင်နှုန်းကျော် တာဝန်ထမ်းဆောင်နေကြောင်း ၎င်းကော်မရှင်က ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း ၆၀၀၀ နီးပါးသည် မိခင်နှင့် ကလေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ နာတာရှည်ရောဂါစီမံခန့်ခွဲမှု၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလမ်းညွှန်မှုနှင့် နာတာရှည်လူနာစောင့်ရှောက်မှုအပါအဝင် အိမ်တွင်းအခြေပြု သူနာပြုဝန်ဆောင်မှုလုပ်ငန်း ၆၀ ကျော်ကို ဝန်ဆောင်မှုပေးနေကြောင်း ကော်မရှင်က ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**မိုင်းရယ် မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၈ ရက် နံနက် ၁၁ နာရီက ပြုလုပ်သည်။ **(အောက်ပုံ)**

စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မိုင်းရယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးထားရှိမှုအခြေအနေများကို စစ်ဆေးကြည့်ရှုသည်။

မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပထမရက် ၁၀၀ စီမံချက်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် အပတ်စဉ် အင်္ဂါနေ့တွင် ဌာနဆိုင်ရာ ရုံးများသို့လည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်ဆိုင်ခန်းများသို့လည်းကောင်း၊ ကြာသပတေးနေ့တွင် မြို့မဈေးအတွင်းရှိ ဆိုင်ခန်းများသို့လည်းကောင်း၊ သောကြာနေ့တွင် စက်သုံးဆီဆိုင်များသို့လည်းကောင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်သွားမည့်အပြင် စာသင်ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေးများသို့ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြ



**ကာလီ မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလီမြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို ယမန်နေ့ နံနက်ပိုင်းက တင်းလီဈေးအတွင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးမင်းကျော်က မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်းသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများအားလည်းကောင်း၊ မီးလောင်ကျွမ်းခြင်းအကြောင်းအရင်းများ၊ မီးအတန်းအစား ခွဲခြားခြင်း၊ အခြေခံမီးငြိမ်းသတ်နည်းသုံးနည်း၊ မီးသတ်ယာဉ်စက်များ အချိန်မီငြိမ်းသတ်နိုင်ရန် ဆောင်ရွက်နေမှုများ၊ လျှပ်စစ်မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းအရင်း အချက်အလက်များ၊ လျှပ်စစ်မီးလောင်လျှင် ရှောင်ကြဉ်ရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက အမြန်ဆုံးဆက်သွယ် အကြောင်းကြားနိုင်သည့် ဖုန်းနံပါတ်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မီးဘေးအန္တရာယ် အရေးပေါ် ဖြစ်ပွားလာပါက အလျင်အမြန် ဆောင်ရွက်ရမည့် မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်းများ၊ မီးသတ်ယာဉ် အသုံးပြု၍ မီးငြိမ်းသတ်နည်း များကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြပြီး ဈေးသူ၊ ဈေးသားများ ကိုယ်တိုင်လက်တွေ့မီးငြိမ်းသတ်စေခဲ့သည်။

အဆိုပါ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲသို့ ကာလီမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်သူ၊ ကွန်းဟိန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးမင်းကျော်နှင့် သတ်ဖွဲ့ဝင်များ၊ ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသူစိုးမိုး၊ ကာလီမြို့ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဈေးသူ၊ဈေးသားများ တက်ရောက်ခဲ့ကြပြီး တင်းလီဈေးအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁၁**

မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစား ပြုလုပ်သူများအား မေ ၈ ရက်က ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ ကျုံဟော်ကျေးရွာနေ ဒေါ်ယုယုခိုင်(ခ) ယုခိုင်(၅၁)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်ယုယုခိုင်(ခ)ယုခိုင်ဆိုသူအား ၎င်း၏ နေအိမ်ဈေးဆိုင်အတွင်း၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ယုယုခိုင်(ခ)ယုခိုင်ဆိုသူအား ဇင်းကျိုက်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ မနန်းထွေး(၂၇)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မနန်းထွေးဆိုသူနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဒေါ်ဖြူနှင်းအောင်(၄၃)နှစ်၊ ဦးနေဝင်းကျော်(၅၂)နှစ်၊ အမှတ်(၃)ရပ်ကွက်နေ မတင်ဇာဝင်း(၂၉)နှစ်နှင့် ဦးသက်ထွန်းနိုင်(၄၁)နှစ်ဆိုသူ ငါးဦးတို့အား နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နန်းထွေး(ပါ-၅) ဆိုသူတို့အား ပခုက္ကူမြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၂ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အောက်စုကျေးရွာနေ ဒေါ်ချိုမာဝင်း(ခ)မချို(၅၀)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ညောင်တုန်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်ချိုမာဝင်းဆိုသူအား ၎င်း၏နေအိမ်ရှေ့ခန်းတွင် နှစ်လုံး၊ သုံးလုံးထီ လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ချိုမာဝင်း(ခ)မချိုဆိုသူအား ညောင်တုန်းမြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

## မိတ္ထီလာမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၌ နေအိမ်မီးလောင်မှု ဖြစ်ပွား

**မိတ္ထီလာ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်မျိုးအောင် ရပ်ကွက်၌ ပိုင်ရှင် ဒေါ်မြမြစန်း (၅၃)နှစ်ဆိုသူ၏ (၂၄×၂၄)ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ်တွင် မိန်းခုံသို့ သွယ်တန်းထားသော ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မေ ၉ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က မိတ္ထီလာမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသည်။

အဆိုပါ မီးလောင်မှုကြောင့် (၂၄×၂၄)ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဒေါ်မြမြစန်းဆိုသူအား မိတ္ထီလာမြို့နယ်၊ အမှတ်(၂) နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*



## ဆိုင်ကယ်တိမ်းမှောက်၍ အမျိုးသားတစ်ဦးသေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ဟိုပုံး မေ ၁၁**

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၌ ဆိုင်ကယ်တိမ်းမှောက်၍ အမျိုးသား တစ်ဦးသေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ သာယာကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၁၄၅ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟိုပုံးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဟိုပုံးမြို့မှ ဆီဆိုင်မြို့ဘက်သို့ ဟိုပုံးမြို့နယ်၊ ပန်းမာကျေးရွာနေ ခွန်မောင်ထွန်း(၃၇)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ခွန်ကြာဦး(၃၇)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA DREAM 125 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ရှိ ဘလောက်တုံးအား ဝင်တိုက်မိခဲ့မှုကြောင့် ခွန်မောင်ထွန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ခွန်ကြာဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ခွန်မောင်ထွန်းဆိုသူအား ဟိုပုံးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



❍ စာမျက်နှာ ၂၄ မှ

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သုံးဦး၊ မြောက်ဦးမြို့နယ်မှ တစ်ဦး၊ မောင်တောမြို့နယ်မှ တစ်ဦး၊ ရသေ့တောင်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ တစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ငပုတောမြို့နယ် ဇရတ်ကောင်းမြို့မှ နှစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ ၁၂ ဦး၊ အင်္ဂပူမြို့နယ်မှ သုံးဦး၊ ရေကြည်မြို့နယ်မှ နှစ်ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၂၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-22 သေနတ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည် ၃၃၈ တောင့် နှင့် ကျည်အိမ် ခြောက်ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်ငါးလက်အတွက် ငွေကျပ်သိန်း ၂၅၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၉၃ သိန်း စုစုပေါင်းငွေကျပ် ၃၄၆ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်း





များအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်တော်တို့ စည်းရုံးရေးမှာ ကျွန်တော့်ကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန် ထောက်ပံ့မယ်ပေါ့၊ ပြီးတော့ ကျွန်တော် စစ်တိုက်စရာလည်း မလိုဘူးလို့ ပြောပါတယ်။ ဒါကြောင့်မို့ ကျွန်တော် သူတို့ရဲ့ အလိမ်အညာ စကားမှာ နားယောင်ပြီး လိုက်သွားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှာ သေကျေပျက်စီးနေရတာတွေကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့အတွက် အပြင်က ကျွန်တော့်မိသားစုရှိတဲ့နေရာကို ကျွန်တော် သတိလည်းရတယ်၊ လွမ်းလည်း လွမ်းတဲ့အတွက် ပြီးတော့ ကျွန်တော်လျှောက်နေတဲ့ လမ်းက မှားတယ်ဆိုတာ သိတဲ့အတွက် အချိန်မီ ကျွန်တော် လမ်းမှန်ကို ပြောင်းဖို့အတွက် တပ်မတော်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုတယ်ဆိုတာ သိရတော့ အလင်းဝင်လာရခြင်း ဖြစ်ပါတယ်။ ကျွန်တော် အခု အလွန်ပျော်နေတယ်၊ ပီတိလည်း ဖြစ်ပါတယ်။ ကျွန်တော့်မိသားစုလည်း အခု ကျွန်တော်နဲ့ ထပ်တူပျော်ရွှင်နေပါတယ်။ သူတို့ မိသားစုကိုလည်း ပျော်ရွှင်စေချင်ပါတယ်၊ အဲ့ဒီအတွက် ကျွန်တော်တို့ လျှောက်တဲ့လမ်းအတိုင်း လျှောက်လာခဲ့ဖို့ ညီအစ်ကိုတို့အားလုံးကို ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။ အစစအရာရာ ပြည့်စုံပါတယ်၊ မိသားစု ညီအစ်ကိုမောင်နှမ အရင်းအချာလို၊ တပ်ဖွဲ့ဝင်တစ်ယောက်လို ကျွန်တော်တို့ကို လိုလေသေးမရှိ အစစအရာရာ စီမံပေးတဲ့ တပ်မတော်သား အားလုံးကို ကျွန်တော် ဒီနေရာကနေ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော် အမေတို့နဲ့ ပြန်တွေ့ရင် မိန်းမနဲ့ ပြန်တွေ့ရင် ငိုမိမှာပါ၊ ဒါပေမယ့် အမေ့ရှေ့မှာ ကျွန်တော် ကတိပေးချင်တာ နောက်နောင် ဒီလိုအမှားမျိုး ဘယ်တော့မှ မမှားတော့ဘူးလို့ အမေ့ကို အကြိမ်ကြိမ် ကတိပေးချင်ပါတယ်။

၂။ စစ်မှုထမ်းရမယ်ဆိုပြီးတော့ ကျွန်တော်တို့ကို တစ်အိမ် တစ်ယောက် မလိုက်လို့မရဘူးပေါ့၊ စည်းရုံးပြီးတော့ ခေါ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ သူငယ်ချင်း ငါးယောက် ပါသွားပါတယ်။ ကျွန်တော်တို့လည်း စိတ်မပါဘဲ ပါခဲ့ရတာဖြစ်လို့ မပြေလည်မှုတွေပဲ ကြုံတွေ့နေရတယ်၊ ဒုက္ခတွေက အများကြီး ရောက်ခဲ့ရတယ်။ အကူအညီမဲ့ခဲ့တယ်၊ ထွက်ပေါက်တွေ ရှာလာပြီးတော့ ကျွန်တော်တို့ ထွက်ပြေးလာခဲ့တာပါ။ ကျွန်တော်တို့ စိတ်နဲ့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့ အဲ့ဒီလိုမျိုးလာခဲ့တာပါ။ အလင်းဝင် အခမ်းအနားတွေ လုပ်ပေးတယ်၊ ဆုကြေးငွေတွေ ပေးတယ်။ ပြီးရင် မိဘရပ်ထံကိုလည်း ပြန်လည်အပ်နှံပေးပါတယ်။ ဝမ်းသာပါတယ်၊ ကျေနပ်မှုရှိပါတယ်။ ကျွန်တော် အားလည်း အားရပါတယ်။ ပီတိလည်း ဖြစ်ပါတယ်။ စားတာသောက်တာတွေကလည်း ကောင်းကောင်းမွန်မွန် ကျွေးမွေးပါတယ်၊ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါတယ်။ တောထဲမှာ ကျန်ရှိနေတဲ့ သူငယ်ချင်းတွေကို ကျွန်တော့်လိုပေါ့ အမြင်မှန်ရစေချင်တယ်၊ ကျွန်တော်တို့ဆီကို အပါဆွဲခေါ်ချင်တာပေါ့။

သတင်းစဉ်

❑ စာမျက်နှာ ၂၄ မှ

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၇ဦး၊ ကျောက်မဲမြို့မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးနှစ်ဦး၊ သီပေါမြို့မှ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးသုံးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

## ပြန်လည်လွှဲပြောင်းအပ်နှံ

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -





၁။ ကျွန်တော်ကတော့ ဒီအဖွဲ့အစည်းထဲကို ၂၀၂၅ (၃လပိုင်း)မှာ မတရား ဆွဲဆောင်ခံရပြီးတော့ သင်တန်းကွင်းထဲကို ပို့ဆောင်ခံရပါတယ်။ သင်တန်းကွင်းမှာတော့ ကျွန်တော်တို့က သင်တန်းသုံးလ တက်ရပါတယ်။ သင်တန်းကွင်းထဲမှာတော့ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ လူမျိုးရေးခွဲခြားခံရတာတွေများလွန်းလို့ ကျွန်တော်တို့ စိတ်နာပြီး အစိုးရဘက်ကလည်း အလင်းဝင်ရောက်သူတွေကို နွေးထွေးစွာ ကြိုဆိုတဲ့ သတင်းကြားရလို့ ကျွန်တော်တို့လည်း အမြန်ဆုံး ဥပဒေဘောင်အတွင်း ဝင်လာခဲ့ပါတယ်။ သင်တန်းကွင်းထဲမှာလည်း လူမျိုးခွဲခြားခံရတာတွေ အစားအသောက်ကလည်း တစ်ပတ်လောက်နေမှ အသားတစ်ခါလောက် စားရပါတယ်။ သင်တန်းပြီးတော့လည်း ကျွန်တော်တို့ကို တပ်သားအနေနဲ့ သိန္နီမြို့ဘက်ကို ပို့လိုက်တယ်။ အဲ့ဒီကို ရောက်တော့ ကျွန်တော်တို့ ကင်းစောင့်ရတယ်။ ထင်းခွဲရတယ်။ လက်အောက်ငယ်သားအချင်းချင်း အနိုင်ကျင့်ခံရတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့က စိတ်နာပြီးတော့ တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ တောထဲမှာ ကျန်တဲ့သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး အမှန်တရားရပြီးတော့ အလင်းဝင်ရောက်နိုင်ဖို့ ကျွန်တော် ဒီကနေ တိုက်တွန်းလိုက်ပါတယ်။

၂။ ၂၀၂၅ (၉လပိုင်း)မှာ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ ရောက်ရောက်ချင်းမှာတော့ ကောင်းကောင်းမွန်မွန်နေရပါတယ်။ နောက်ပိုင်းမှာကျတော့ သင်တန်းသွားရင်လည်း အခက်အခဲများနဲ့ ကြုံရပါတယ်။ သင်တန်းလည်း ကောင်းကောင်း မတက်ရဘူး။ အမြဲတမ်း ရိုက်နှက်ခံနေရပါတယ်။ ဝင်ဝင်ချင်းလည်း စိတ်ညစ်ရတယ်။ နောင်တတွေလည်း ရခဲ့တယ်။ လုံးဝမနေချင်တော့ဘူး။ သင်တန်းစတက်ချင်းမှာပဲ အမြဲတမ်းထွက်သွားဖို့တွေးနေခဲ့တယ်။ အခုကျတော့လည်း မိဘအိမ်ပြန်ရတော့ အလွန်ပျော်ရပါတယ်။ သင်တန်းပြီးတော့ ဂိတ်တွေစောင့်ရတယ်။ ဂိတ်စောင့်ချိန်မှာလည်း အစောကြီးမရောက်လို့ အမြဲတမ်း ပြဿနာရှာခံရပါတယ်။ ကောင်းကောင်းမွန်မွန်လည်း မနေရဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲ နေခဲ့ရတယ်။ အချိန်ပြည့် ပြေးနေရတယ်။ ညဆိုလည်း ကောင်းကောင်းမအိပ်ခဲ့ရဘူး။ နေ့တိုင်းနေ့တိုင်း ဆဲဆိုခံရပြီး နှိပ်စက်ခံရတယ်။ ပြီးတော့ ဒီကိုအလင်းဝင်မယ့်အချိန် ပထမအခေါက်ထွက်ပြေးတုန်းက သူတို့ဖမ်းမိခဲ့တယ်။ ရက် ၂၀ လောက် ကျွန်မကို ခြောက်ပေါက်ထဲ ထည့်ထားတယ်။ အစကတော့ ကျွန်မကို သတ်တော့မလို့။ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအလွန်တင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ စေတနာမေတ္တာကိုလည်း ကျွန်မတို့ နားလည်ပါပြီ။ ကျွန်မလည်း ကောင်းကောင်းမွန်မွန်နေထိုင်သွားပါမယ်လို့ ဆုံးဖြတ်ထားပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး အလင်းဝင်ရောက်လာပါလို့ မေတ္တာရပ်ခံပါတယ်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါချန်ပီယံဆုကို ဘာစီလိုနာအသင်း ဆွတ်ခူး



**ဘာစီလိုနာ မေ ၁၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါ ချန်ပီယံဆုကို ဘာစီလိုနာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ် (၃၅)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၉၁မှတ်ဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်ပြီး အဆင့် (၂)နေရာမှ ရီးရဲလ်မက်ဒရစ်အသင်းအား ၁၄ မှတ်ထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် စပိန်လာလီဂါချန်ပီယံဆုကို (၂၉)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း၏ ထုတ်ပြန်ချက်တွင် "အခုလို စပိန်လာလီဂါ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆု ရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

## မီတိုမာ တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် မေ ၁၁**

ဘရိုက်တန်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်း တောင်ပံကစားသမား မီတိုမာသည် တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိသည်။

အဆိုပါ တောင်ပံကစားသမားသည် ဘရိုက်တန်အသင်းက ဝုဖ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား မီတိုမာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘရိုက်တန်အသင်းအတွက်သာမက ကမ္ဘာ့ဖလားကစားရန်ရှိသည့် ဂျပန်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား မီတိုမာသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ပွဲ ကစားပြီး ၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ) (NGB)



## ဂိုးသမား ဒီဂီယာကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် မေ ၁၁**

ဂျူဗင်တပ်အသင်းသည် ဖီအိုရင်တီးနားအသင်း ဂိုးသမား ဒီဂီယာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဂိုးသမားသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်းကလည်း ဒီဂီယာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် ဖီအိုရင်တီးနားအသင်းမှ ဂိုးသမား ဒီဂီယာ ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)






## အတ္တလန္တာအသင်းက အေစီမီလန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် မေ ၁၁**

အီတလီစီးရီးအေပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အတ္တလန္တာအသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အတ္တလန္တာအသင်းက အေစီမီလန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အတ္တလန္တာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၇မိနစ်တွင် အီဒါဆန်၊ ပွဲချိန် ၂၉မိနစ်တွင် ဇက်ပါကော်စတာ၊ ပွဲချိန် ၅၂မိနစ်တွင် ရက်စ်ပါဒိုရီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အတ္တလန္တာအသင်းသည် အီတလီစီးရီးအေပွဲစဉ် (၃၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၅၈မှတ်ဖြင့် အဆင့် ၇နေရာတွင် ရပ်တည်လျက်ရှိသည်။

အတ္တလန္တာအသင်းသည် အီတလီစီးရီးအေပွဲစဉ် (၃၇)အဖြစ် လာမည့် မေ ၁၇ရက်တွင် ဘိုလော့ဂ်နာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Maria Timofeeva ဆွတ်ခူး

**အစ္စတန်ဘူ မေ ၁၁**

တူရကီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဥဇဘက်ကစ္စတန်တင်းနစ်မယ် Maria Timofeeva က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဥဇဘက်ကစ္စတန် တင်းနစ်မယ် Maria Timofeeva သည် 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic အား ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Maria Timofeeva က "ကျွန်မ အခုလို 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## မေဂျာလိဂ်သမိုင်းတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ပြည့်မြောက်သည့် အမြန်ဆုံးကစားသမားအဖြစ် မက်ဆီ မှတ်တမ်းဝင်

**လန်ဒန် မေ ၁၁**

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် မေဂျာလိဂ်သမိုင်းတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ပြည့်မြောက်သည့် အမြန်ဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၆ခုနှစ်အထိ မေဂျာလိဂ်ပွဲစဉ် ၆၄ပွဲတွင် ၅၉ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ၄၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူးမက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အင်တာမိုင်ယာမီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၃ပွဲကစားကာ ၁၀၀ ဂိုးထိ သွင်းယူထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းနဲ့အတူ ဆုဖလားတွေနဲ့ ယခုလို မှတ်တမ်းတွေရရှိအောင်လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ယာပုံ)

(NGB)



## ပရီးမီးယားလိဂ် ရွှေလက်အိတ်ဆုကို ဒေးဗစ်ရာယာဆွတ်ခူး

**လန်ဒန် မေ ၁၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ် ရွှေလက်အိတ်ဆုကို အာဆင်နယ်အသင်းဂိုးသမား ဒေးဗစ်ရာယာ ဆွတ်ခူးခဲ့သည်။

အဆိုပါ ဂိုးသမားသည် ပရီးမီးယားလိဂ်ရွှေလက်အိတ်ဆုကို ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် Clean Sheet (၁၆)ပွဲ၊ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် Clean Sheet (၁၃)ပွဲ၊ ယခု ၂၀၂၅-၂၀၂၆ဘောလုံးရာသီတွင် Clean Sheet(၁၈)ပွဲဖြင့် သုံးရာသီဆက်တိုက်လည်း ဆွတ်ခူးနိုင်ခဲ့သည်။

ဂိုးသမား ဒေးဗစ်ရာယာသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအား အမှတ်ပေးဇယား အဆင့်(၁)နေရာနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတို့သို့ ရောက်ရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီနိုင်ခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဒေးဗစ်ရာယာက "ကျွန်တော် အခုလို ရွှေလက်အိတ်ဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ) (NGB)



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၂-၅-၂၀၂၆ ည ၁၁:၃၀ နာရီ | (၆) ဆဲလ်တာဗီဂို - လီဗန်တေး (၁၉) (L,L,L,W,W) (W,W,D,L,W) | ဆဲလ်တာဗီဂို ၁-၁ လီဗန်တေး; လီဗန်တေး ၀-၂ ဆဲလ်တာဗီဂို |
| ၁၃-၅-၂၀၂၆ နံနက် ၀၀:၃၀ နာရီ | (၅) ဘက်တစ် - အယ်လ်ချီ(၁၄) (L,W,D,W,D) (W,W,W,L,D) | ဘက်တစ် ၃-၀ အယ်လ်ချီ; အယ်လ်ချီ ၂-၃ ဘက်တစ် |
| ၁၃-၅-၂၀၂၆ နံနက် ၀၂:၀၀ နာရီ | (၁၀) အိုဆာဆူနာ - အက်သလက်တီကို(၄) (D,L,W,L,L) (W,D,W,L,L) | အိုဆာဆူနာ ၂-၀ အက်သလက်တီကို; အက်သလက်တီကို ၁-၀ အိုဆာဆူနာ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ဒု-အကျော့) ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၃-၅-၂၀၂၆ နံနက် ၀၁:၃၀နာရီ | ဆောက်သမ်တန် - မစ်ဒယ်ဘရော့ | မစ်ဒယ်ဘရော့ ၀-၀ ဆောက်သမ်တန် |



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ

**မန္တလေး မေ ၁၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကို မေ ၁၀ ရက် နံနက်၁၀နာရီက ကဥ္စနမဟီရပ်ကွက် အကွက်အမှတ်(၆၂၄)၊ ၃၀လမ်းနှင့် ၇၇လမ်းထောင့်ရှိ ရွှေဘုံသာမြတ်စွာဘုရားဓမ္မာရုံတွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် ကော်မတီဝင်များ၊ ကဥ္စနမဟီရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် ရာအိမ်မှူးများ ရပ်ကွက်မဲဆန္ဒရှင်ပြည်သူများ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဖွေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က နိုင်ငံတော်က ချမှတ်ထားသော ရက်(၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရ မဲဆန္ဒရှင်ပြည်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က အကွက်မှူးများအနေဖြင့် မိမိရပ်ကွက်လိုအပ်ချက်ကို ကြည့်ရှုပြီး အုပ်ချုပ်ရေးမှူးအား တင်ပြကာ လိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးဖြင့် ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊မြို့နယ်ပါတီဥက္ကဋ္ဌက မြို့နယ်ပါတီမှ ပြည်သူလူထုအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ မဲဆန္ဒရှင်ပြည်သူများက စည်ပင်သာယာ အမှိုက်သိမ်းစနစ် ကောင်းမွန်စေရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် အမြန်ဆောင်ရွက်ပေးရန်တို့ကို တင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် ရပ်ကွက်အတွင်း ကွင်းဆင်း၍ တင်ပြချက်များအား လိုက်လံကြည့်ရှုကာ ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်သိမ်းစနစ်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရပ်ကွက်ပြည်သူများအနေဖြင့်လည်း အမှိုက်စွန့်ပစ်ရာတွင် သတ်မှတ်ထားသော အမှိုက်ကန်များတွင်သာ စနစ်တကျ စွန့်ပစ်ကြရန်တို့ကို မှာကြားခဲ့ပြီး နိုင်ငံတော်အစိုးရက ချမှတ်ထားသော ရက်(၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရ ပြည်သူလူထု၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်မဲဆန္ဒရှင်ပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(ဝ၄၁)**




## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆)ပေးအပ်ပွဲ ကျင်းပ

**ဟိုပုံး မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မိုင်းလင်းကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ပေးအပ်ပွဲကို မေလ ၁၀ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုပုံးမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက် လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ရက်မှ ဇူလိုင်လကုန်အထိ အသက်(၁၈)နှစ်ပြည့်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများအား မြို့နယ်လဝကရုံးများတွင် ဆောင်ရွက်ပေးခြင်း၊ e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ(Biographic Data)နှင့် ဇီဝအချက်အလက်များ (Biometric Data)ကောက်ယူကာ UID(Unique Identity) နံပါတ် စမတ်ကတ်များ ထုတ်ပေးခြင်းနှင့် အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ စာသင်ကျောင်းများတွင် "လမင်းစီမံချက်"ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟိုပုံးမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ဆောင်ရွက်ထားပေးသည့် မိုင်းလင်းကျေးရွာအုပ်စုမှ အိမ်ထောင်စုလူဦးရေစာရင်း ၂၂၀ စု၊ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၁၄၅ကတ်၊ အသက် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၃၄၃ ကတ်အား ကာယကံရှင်လက်ဝယ်သို့ တစ်ခါတည်း ထုတ်ပေးသွားမှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ဟိုပုံးမြို့နယ်ဌာနဆိုင်ရာများ၏ ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးလှိုင်တို့က မိုင်းလင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)အသီးသီး ပေးအပ်ခဲ့ပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

## ခန္တီးမြို့တွင် တိုင်းရင်းကြက်မွေးမြူရေးထုတ်လုပ်ရေး သင်တန်းဖွင့်လှစ်

**ခန္တီး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ ဇွန်လအထိ ရက်(၁၀၀)အတွင်း လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖြစ်သည့် တိုင်းရင်းကြက်မွေးမြူရေးထုတ်လုပ်ရေး သင်တန်းကို ခန္တီးခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ မေ ၈ ရက်က စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

သင်တန်းတွင် ခန္တီးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ထွေးက ကြက်အမျိုးအစားများ၊ ကြက်မွေးမြူမည့်ခြံနေရာ ရွေးချယ်ခြင်းနှင့် ကြက်ခြံဆောက်လုပ်ခြင်း၊ မျိုးစပ်ခြင်းနှင့် မျိုးပွားဆိုင်ရာ အချက်အလက်များ၊ ဥကြက်မပြုစုစောင့်ရှောက်ခြင်း၊ ကြက်ပေါက်ပြုစုစောင့်ရှောက်ခြင်း၊ အစာနှင့်ရေ တိုက်ကျွေးခြင်း၊ ကြက်လည်လိမ် (i2) မျက်စဉ်းခပ်ကာကွယ်ဆေးဆိုင်ရာကိစ္စရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိသည်။

ခန္တီးမြို့ပေါ် ရပ်ကွက်၊ကျေးရွာများမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ဦး တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ မေ၈ရက်မှ မေ ၁၂ ရက်အထိ ငါးရက်တာ သင်ကြားပို့ချမည်ဖြစ်သည်။

ခန္တီးမြို့နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် ကြက်များမွေးမြူလာနိုင်စေရန်၊ ကြက်မွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး အသားထုတ်လုပ်မှုမြင့်တက်လာစေရန်၊ နည်းစနစ်မှန်ကန်စွာ မွေးမြူနိုင်စေရန်၊ တစ်နိုင်တစ်ပိုင်အိမ်တွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်စေရန်နှင့် "One Village One Product" ထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ) (၃၉၄)**



## ဖြုတ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ရက်(၁၀၀)စီမံချက်ဖြင့် ဖြုတ်ခွဲကျေးရွာအုပ်စု၊ ဖြုတ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖြုတ်ခွဲကျေးရွာ၌ အကျယ် လေးလက်မ ခွဲ၊ အနက်ပေ ၂၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ၇ ဒသမ ၆ ကီလိုဝပ်ရှိသော ဆိုလာစနစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးစိုးမောင်က ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဖြုတ်ခွဲကျေးရွာ၌ ဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေ ကျပ် ၃၇ ဒသမ ၉၄ သန်း အသုံးပြုပြီး ဌာနမှဝန်ထမ်းများ စုဖွဲ့၍ မေ ၂ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပါက ကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေဖူလုံစွာရရှိနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နော်လှူး**



# ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေး ပစ္စည်းများနှင့်အတူ ရောက်ရှိ

**ထီးချိုင့် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့သို့ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေး ပစ္စည်းများနှင့်အတူ ရောက်ရှိနေပြီဖြစ်သည်။

ထီးချိုင့်မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်း ၁၃၈ဦး၊ ၎င်းတို့၏မိသားစု ၄၄ ဦး၊ စုစုပေါင်း ၁၈၂ ဦးသည် လိုအပ်သည့် ကူညီထောက်ပံ့ရေး ပစ္စည်းများနှင့်အတူ မေ ၉ ရက် ညနေပိုင်းတွင် မော်တော်ယာဉ်များဖြင့် စစ်ကိုင်းမြို့မှ ထီးချိုင့်မြို့သို့ ရောက်ရှိလာကြရာ နယ်မြေခံ တပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ထီးချိုင့်မြို့အား မတ် ၁၇ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။

ထီးချိုင့်မြို့ ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ အင်အားဖြည့်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများ ဖွင့်လှစ်နိုင်ရေးတို့အတွက် မေ ၁၁ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

(၃၉၄)





# စဥ့်ကိုင်မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်

**စဥ့်ကိုင် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ရန်အောင်မြင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ မြို့နယ်ပြည်ခိုင်ဖြိုးပါတီရုံး၌ မေ ၁၀ ရက် နံနက် ၉ နာရီက လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါ်သီဂီအောင်နှင့် တာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်ရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး သတ်မှတ်နေရာတွင် စိုက်ထူခဲ့ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(တံတားဦး) ဦးတိုက်ကြည်၊ကျောက်ဆည်ခရိုင် ပြည်ခိုင်ဖြိုးပါတီ ကော်မတီဝင် ဒေါ်ခင်နွယ်မြင့်တို့က လွှတ်တော်ကိုယ်စားလှယ်ရုံး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကျော်စွာ(စဥ့်ကိုင်)**

*-*-*-*-*

# မန္တလေးရှိ ၁၃၂ ကေဗွီဆည်တော်ကြီး ဘဲလင်းတံခွန်တိုင်ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်၍ အသစ်တပ်ဆင်



**မန္တလေး မေ ၁၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံ မန္တလေးရှိ ၁၃၂ ကေဗွီဆည်တော်ကြီး လိုင်း ၁၃၂ ကေဗွီ ဘဲလင်းလိုင်းနှင့် ၁၃၂ကေဗွီတံခွန်တိုင်လိုင်းများ၏ Switchbay Equipments များတွင်လက်ရှိ တပ်ဆင်ထားသော PG Clampများအား T-Clamp(Proper Clamp) အသစ်များဖြင့် အစားထိုး တပ်ဆင်ခြင်း လုပ်ငန်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို မေ ၉ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ၁၃၂ ကေဗွီ ဆည်တော်ကြီးလိုင်း ၁၃၂ ကေဗွီဘဲလင်းလိုင်းနှင့် ၁၃၂ ကေဗွီတံခွန်တိုင်လိုင်းများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓါပုံ)

(၀၄၅)

*-*-*-*-*




# ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေး (Talk Show) ကျင်းပ

**ချောက် မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်အသိပညာပေး (Talk Show)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်လူထုအခြေပြုဖဟိုဌာန(Community Centre) ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး (Talk Show) ကို ချောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းက ပူပြင်းသော ရာသီအချိန်အခါတွင် အပူရှိန် မြင့်တက်လာသောကြောင့် ဒေသခံပြည်သူများ အပူဒဏ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းသစ်က အပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုကြိုတင်ကာကွယ်ရမည့် အပူဒဏ်အန္တရာယ်နှင့် နည်းလမ်းများအကြောင်းကိုလည်းကောင်း၊ အပူဒဏ်အန္တရာယ်ကျရောက်သည့် လူနာများကို အရေးပေါ်ရှေးဦးပြုစုခြင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းအိမွန်(ပြန်/ဆက်)**

**စက်သုံးဆီဖြည့်နေစဉ် လက်ကိုင်ဖုန်း မပြောရ။**

# မိုးမြေပဲ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသ

**ကျွန်းလှ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မိုးမြေပဲစိုက်ပျိုးသော ဒေသခံတောင်သူများ ကုန်ကျစရိတ်သက်သာပြီး လုပ်ငန်းခွင်တွင်ကျယ်စေရန်အတွက် ယနေ့ နံနက်ပိုင်းက မျိုးချကိရိယာဖြင့် စိုက်ပျိုးပြသခဲ့သည်။

"ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲအဓိကစိုက်ပျိုးသော ဒေသတစ်ခုဖြစ်ပါတယ်။ အရင်က မြေပဲစိုက်ရာမှာ နေ့စားလုပ်သားငှားရမ်းပြီး စိုက်ပျိုးကြသော်လည်း အခုအခါ မျိုးစေ့ချကိရိယာအသုံးပြုစိုက်ပျိုးကြပါတယ်။ မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊လုပ်သားအင်အားနည်းပါးခြင်း၊ ပေါင်းသင်ရလွယ်ကူခြင်း အထွက်နှုန်းကောင်းမွန်ခြင်း စတဲ့အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ထို့နောက် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက မိုးမြေပဲ မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးနေခြင်းကို ကြည့်ရှုကြပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့သည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသော်လည်း ဖြစ်သော်လည်း စပါးအပြင် ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ရွှေဘိုမြို့နယ်ရှိ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်း

**ရွှေဘို မေ ၁၁**

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ မြောင်းကြီးကျေးရွာတွင် ကျေးရွာ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရက်(၁၀၀)စီမံချက်အရ ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးမှူးနှင့် မြို့နယ်၊ကျေးရွာအုပ်စုလုပ်ငန်းအဖွဲ့များဖြင့် မြောင်းကြီးကျေးရွာသို့ ကျေးရွာနေပြည်သူများအား တွေ့ဆုံကာ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းများနှင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ပြည်သူများကလည်း လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပြီး ကျေးရွာမြေငှားဂရမ်လျှောက်ထားသည့် မြေနေရာများအား လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၃၉၄)



# သစ္စာမေတ္တာပြုသောခါဝယ်

မြန်နွယ်ဉာဏ်ဝေ

ပြက္ခရွေတောင်တန်းကြီးသည် မှိုင်းမှိုင်းညို့ညို့ဖြင့် တောင်မြောက်တန်းနေ၏။ တောင်တန်းကြီး၏ ခြေရင်းတွင် ကင်းတားလက်ဝဲမြောင်းမကြီးမှာ မြောက်မှတောင်သို့ စီးဆင်းနေ၏။ မြောင်းမကြီး၏ အနောက်ဘက်တွင် အိမ်ခြေ (၁၀၀) ခန့်ရှိသော မန်ကျည်းအုပ်ရွာကလေး တည်ရှိ၏။ ရွာကလေး၏ အနောက်ဘက်တွင် တောင်မှမြောက်သို့ စီးဆင်းနေသော စမုံချောင်းကြီး၏ ကမ်းနှစ်ဖက်တွင် သစ်ပင်ချုံနွယ် ပိတ်ပေါင်းများဖြင့် ကာရံထားသည်။

မန်ကျည်းအုပ်ရွာကလေး၌ မုဆိုးမ မိခင်အိုကြီး ဒေါ်ခင်တွင် မောင်နိုင်ခေါ်သော သားတစ်ယောက်ရှိ၏။ ဆင်းရဲသား တောင်သူလယ်သမားမိသားစုဖြစ်ကြ၏။ မောင်နိုင်အရွယ်ရောက်လာသောအခါ တစ်ရွာတည်းနေ မကျေဥနှင့်အိမ်ထောင်ကျခဲ့ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်ပင် ထွန်းကားခဲ့လေပြီ။ မိသားစုငါးယောက် အိုးသာကြီးလာသည် စီးပွားရေးအဆင်မပြေခဲ့။ ရာသီဥတုများ ဖောက်ပြန်လာသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းလည်း အဆင်မပြေသည့်အပြင် စိုက်ပျိုးစရိတ်များကြောင့် အကြွေးပတ်လည်ဝိုင်းလာသည်။ ဒီကြားထဲ မိခင်အိုကြီးဒေါ်ခင်မှာလည်း ကျန်းမာသည်ဟူ၍ပင်မရှိ။ ဆယ့်နှစ်ရာသီ ကာလပတ်လုံးရောဂါပေါင်းစုံဖြင့် လုံးထွေးရစ်ပတ်နေ၏။ အငယ်ဆုံးသားလေးမြင့်မောင်မှာလည်း ဝမ်းပျက် ဝမ်းလျှောရောဂါဖြင့် တဖိန့်ဖိန့်တချိချိဖြင့် အစာမဝသော မျောက်သူငယ်မျက်နှာကလေး ဖြစ်နေသည်။

မောင်နိုင်တစ်ယောက် စိတ်ပင်ပန်း လူပင်ပန်းဖြင့် တချောင်ချောင်ဖြင့် မျက်တွင်းများပင် ကျလာ၏။ "ဒီဆင်းရဲတွင်းက လွတ်အောင် ဘယ်လိုကြံရမလဲ"ဟု မောင်နိုင် အမြဲစဉ်းစားနေမိ၏။

"ဟုတ်ပီ-တောင်ခြေက ပဲကြီးခင်းယာခွက်ကြီးကို ရောင်းမယ်။ မိသားစုအတွက်စားစရာထားခဲ့မယ်။ ကြွေးဆပ်မယ်။ ငါကတော့ ရန်ကုန်တက်ပြီး အလုပ်ကြမ်းကုန်ထမ်းအလုပ်သမား သွားလုပ်မယ်။ ပိုက်ဆံစုပြီး အိမ်ပြန်ပို့မယ်"

မောင်နိုင်လည်း တောင်ခြေရှိ ပဲကြီးခင်းယာခွက်ကြီးကို ရောင်းလိုက်သည်။ စရိတ်အနည်းငယ်ယူပြီး ရန်ကုန်ကိုထွက်ခဲ့သည်။ ဘုရင့်နောင်ပွဲရုံတန်းရှိ "မောင်နိုင်" ဧရာဝတီသီးပွဲရုံတွင် ကုန်ထမ်းအလုပ်ကြမ်းရခဲ့၏။ လအနည်းငယ်ကြာသောအခါ၌လည်း မောင်နိုင်တစ်ယောက်မိသားစုထံ ငွေပြန်မပို့နိုင်ခဲ့ချေ။ အလုပ်ကြမ်းသမားတစ်ဦး၏ ဝင်ငွေသည် ခေတ်ကုန်ဈေးနှုန်းကို နိုင်အောင်မတိုက်နိုင်ခဲ့ပေ။ ဒီကြားထဲအိမ်လခမှာ တစ်လထက်တစ်လ ဈေးကြီးလာသည်။ ရာသီပေါ်ရောဂါအဖျားများကလည်း ပင်ပန်းမှုကို အခွင့်ကောင်းယူ၍ နှိပ်စက်ကြ၏။ လကုန်ခါနီး အမေနှင့်ဇနီးထံ ဖုန်းဆက်တိုင်း မောင်နိုင် ငိုချင်သည်။ စိတ်ကိုထိန်း၍ အကျိုးအကြောင်းကို ပြောပြသည်။

မိခင်အိုကြီးဒေါ်ခင်သည် ဖွေးဖွေးဖြူနေသော ဆံပင်များကို သပ်ရပ်စွာ ဗီးလိမ်း၍ ဖျင်ကြမ်းတဘက်ကလေးကို ပခုံးပေါ်တင်ပြီး ရွာမြောက်ဖျားက နတ်ကတော် ဒေါ်ကြည်၏ အိမ်သို့ ရောက်လာသည်။ ဒေါ်ကြည်ကို အကြောင်းစုံရှင်းပြသည်။

"ဒေါ်ခင်တို့မိသားစုကို ကိုယ်တော်ကြီးစိတ်ဆိုးနေတာပဲ၊ မောင်နိုင်ကိုလည်း ကုန်းသွားကုန်းသေး၊ ရေသွားရေသေး တိုက်ထားတယ် ဒေါ်ခင်။ ကိုယ်တော်ကြီးကျေနပ်အောင် ပွဲတင်ရမယ်။ ဝက်စုံ၊ ဘောင်းတော်၊ ကြက်ကောင်လုံးကြော်၊ ဗီစကီအရက် တစ်ပုလင်း၊ စီးကရက် တစ်ဘူးနဲ့ ရေစင်ကြေး ငါးသောင်း ထည့်ရမယ်။ ကိုယ်တော်ကြီးကို ကျေနပ်အောင်လုပ်မပေးရင် ဒီထက်ပိုဆိုးလာမယ် ဒေါ်ခင်" ကျေနပ်အောင်တောင်းပန်ပေးပါ ဒေါ်ကြည်ရယ် ကျုပ်တို့ အားလုံးတာဝန်ကျေအောင်လုပ်ပေးပါမယ်တော်"

နောက်နေ့တွင် နတ်ကတော်ဒေါ်ကြည်အိမ်၌ အုန်းငှက်ပျော စုံလင်စွာဖြင့် ကြက်၊ အရက်ပါမကျန် ကိုကြီးကျော်ပွဲတင်ကြသည်။ ကိုကြီးကျော်ကနတ်ကတော် ဒေါ်ကြည်ကို ဝင်ပူးသည်။ ဒေါ်ခင်တို့မိသားစုနှင့် ရန်ကုန်ရောက်နေသော သားမောင်နိုင်တို့ကို ကျန်းမာအောင် ချမ်းသာအောင် တိုးတက်ကြီးပွားအောင် မ,စ မည်ဟုပြော၏။ အဟုတ်တကယ် ဝင်ပူးမပူးကိုတော့ ဒေါ်ကြည်မှတစ်ပါး အခြားမသိနိုင်ချေတကား။ နေ့၊ ရက်၊ နာရီ၊ လ ရာသီများသာကုန်ဆုံးသွား သည် အခြေနေကားထူးခြားမလာခဲ့ပေ။

ခုတလော ရွာလယ်က ဆရာကြီးဦးဖြူအေးမှာလည်း အလွန်နာမည်ကြီးသည်။ ဘိုးတော်ယောင်ယောင်၊ ဓာတ်ယောင်ယောင်၊ နတ်ယောင်ယောင်၊ ဗေဒင်ယောင်ယောင်ဖြင့် အဟန့်ကောင်းသည်။ အပြောအဟောကောင်းသည်။ လင်ငယ်ဒုက္ခ၊ မယားငယ်ဒုက္ခ၊ ကြွေးရှင်ဒုက္ခ၊ စီးပွားပျက်ဒုက္ခ၊ ကျန်းမာရေးဒုက္ခစသဖြင့် ဒုက္ခသည်များ ဝင်ချီထွက်ချီဖြင့် လူစည်ကားလျက်ရှိ၏။ တစ်နေ့တွင် ဒေါ်ခင်ရောက်လာပြီး ဆရာကြီးဦးဖြူအေးထံ မိသားစုအခက်အခဲဖြစ်ကြောင်းကုန်စင်တင်ပြသည်။

"ဒေါ်ခင်-ခင်ဗျားသားမောင်နိုင်က ရာဟုဂြိုဟ်ရောက်နေတယ်ဗျ။ စီးပွားရေးရော ကျန်းမာရေးပါ အထူးစိုးရိမ်ရတယ်။ ဒီတော့ ရတနာ့ဒီပံ ဆေးဖယောင်းတိုင်ထွန်းပြီး ပူဇော်ရမယ်။ သာသနာ့ပွဲ ထိုးရမယ်။ ရေစင်ကြေး ငါးသောင်းလှူရမယ်ဗျ။ သောကြာနေ့မှာ လမ်းပေါ်ကို သဲ ခြောက်တင်းခင်းရမယ်။ အိမ်ရှေ့မှာ တောထန်းပင်စိုက်ရမယ်။ တောထန်းဆိုတော့ တန်းထော တာပေါ့ဗျာ။ ပြီးတော့ အကြံအောင်မြင်ဖို့ ကြံပင်လည်း စိုက်ရမယ်။ တိုးတက်ရအောင်လို့ ချင်းတက်ပင်လည်း စိုက်ရမယ်ဗျို့"

ဆရာကြီးဦးဖြူအေးထံတွင် ပွဲထိုးပြီးသည်မှာ လအတန်ကြာခဲ့ပြီဖြစ်၏။ အခြေအနေမှာ ထိုနည်းလည်းကောင်း၊ ဤနည်းလည်းကောင်းပင် ဖြစ်၏။ နွားလူနိုး ဆန့်ပိုးအဖြစ်နှင့်သာ ကြုံရ၏။

ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဒေါ်ခင်သည် ညောင်ရေအိုးကလေး ကိုင်၍ ယောဂီတဘက်ကလေး ပခုံးထက်တင်ပြီး ရွာဦးကျောင်းသို့ ရောက်လာ၏။ ကျောင်း၏အရှေ့ဘက် ဗောဓိပင်အား ရေစင်သွန်းလောင်းပြီး ရွာဦးကျောင်းဆရာတော်ဘုရားအား သွားရောက်၍ ရှိခိုးကန်တော့၏။

"ဒါယိကာမကြီး ဒေါ်ခင်တို့ မိသားစုရော အစစအရာရာ အဆင်ပြေကြရဲ့လား။ ရန်ကုန်ကသားကြီး မောင်နိုင်ကကော ပိုက်ဆံပို့ရဲ့လား"

ကျောင်းစည်းရိုးအနီးရှိ ထန်းပင်ပေါ်မှ ဥသြငှက်က "ဥသြ၊ ဥသြ"ဖြင့် လွမ်းအောင်အော်ပြနေ၏။ တောင်အရပ်မှ လေပြေလေအေးလေးက တစ်ချက်တစ်ချက်ဝှေ့တိုက်ခတ်လာ၏။ ဒါယိကာမကြီး ဒေါ်ခင်ရင်ထဲတွင်ကား မအေးနိုင်ရှာပေ။ ဆရာတော်ဘုရားကြီး ရှေ့တွင် ရှုံ့ပွဲချ၍ ရှိုက်ကြီးတငင်ငင်ဖြင့် ငိုကြွေးလိုက်တော့၏။ ပြီးလျှင် ဆရာတော်ဘုရားအား ဖြစ်ကြောင်းရယ်မှ ကုန်စင်လျှောက်ထားလိုက်လေတော့၏။

"သြော်ဖြစ်မှဖြစ်ရပလေ ဒါယိကာမကြီးရယ်။ ကဲ ကဲ ဘာမှ စိတ်ဆင်းရဲမနေနဲ့တော့။ ဒီနေ့ဟာ နေ့ထူး နေ့မြတ်ပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မဟာဗောဓိပင်ခြေရင်းမှာ မာန်ငါးပါးကို အောင်မြင်တော်မူတဲ့ နေ့ပဲ။ အစစအရာရာ အောင်ပြီလို့သာ မှတ်လိုက်ပေတော့ ဒကာမကြီးရေ။ ဘုန်းဘုန်းပြောတဲ့အတိုင်းသာ လုပ်ပေတော့။ ဘုရားမှာ ကိုးရက်တိတိဆွမ်းရေချမ်းကပ်လှူပါ။ ပြီးလျှင် ငါးပါးသီလခံယူပြီး ဘုရားဂုဏ်တော် ကိုးပါးကို ကိုးခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပွားများပါ။ ကိုးရက်ပြည့်တဲ့ နေ့မှာ သစ္စာပြုရမယ် ဒကာမကြီး။ "အကျွန်ုပ်သည် မာရ်နိုင်ငါးပါးကို အောင်မြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ကိုးရက်တိတိ ဆွမ်း၊ ရေချမ်း ကပ်လှူခဲ့ပါ၏။ ငါးပါးသီလဆောက်တည်ခဲ့ပါ၏။ ဂုဏ်တော် ကိုးပါးအား ပွားများခဲ့ပါ၏။ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်တို့ မိသားစုမှာ ဘေးရန်ကင်းရှင်းပြီး ကျန်းမာ ချမ်းသာပါစေသတည်း။ သားကြီးမောင်နိုင်သည်လည်း အစစအရာရာ အဆင်ပြေပါစေ သတည်း"လို့ သစ္စာပြုပေတော့ ဒကာမကြီး။ နောင်မှာလည်း အမြဲတမ်း ဆွမ်း၊ ရေချမ်း ကပ်လှူပြီးတိုင်း ဂုဏ်တော် ကိုးပါးကို ပွားများနော်။ ဒုတိယ အချက်အနေနဲ့ သစ္စာပြုရမှာကတော့ "လူပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်တို့၌ ရှိကြသော အားလုံးသော ပဋ္ဌည်းဥစ္စာ အိုးတန်း ရတနာအပေါင်းတို့သည် မြင့်မြတ်လှပါပေ၏။ ၄င်းရတနာတို့ထက် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့သည် ပို၍ မြင့်မြတ်လှပေ၏။ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်တို့မိသားစု ကျန်းမာချမ်းသာပါစေသတည်း။" လို့ သစ္စာပြုရမယ်။ တတိယအချက် သစ္စာပြုရမှာကတော့ "မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်ခြေရင်း၌ မာရ်နိုင်ငါးပါးကို အောင်မြင်တော်မူခဲ့၏။ ထို့အတူ ကျွန်ုပ်တို့မိသားစုသည်လည်း အရာခပ်သိမ်းကို အောင်ပါစေသတည်း။ မြတ်စွာဘုရားရှင် အားလုံးတို့၏ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူရာဖြစ်သော၊ မြေပြင်၏ ဦးထိပ်လည်းဖြစ်သော မာန်ငါးပါးကို အောင်မြင်သောနေရာလည်း ဖြစ်သော ပလ္လင်တော်ပေါ်၌ သဗ္ဗညုတဉာဏ်ရောက်တော်မူသော မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူ၏။ ထို့အတူ ကျွန်ုပ်တို့ မိသားစုတွင်လည်း ကောင်းသောနက္ခတ် ကောင်းသောမင်္ဂလာ ဖြစ်ပါစေ။ ကောင်းစွာမိုးသောက်ခြင်း ကောင်းစွာ နိုးထခြင်းဖြစ်ပါစေ။ ကောင်းသော ကောင်းသောအမှု ဖြစ်ပါစေ။ သူတော်ကောင်း တို့အား ကောင်းစွာပူဇော်ခြင်းဖြစ်ပါစေ။ ဘေးရန်စွယ် အန္တရာယ်ပပျောက် ငြိမ်းပြီး စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ"လို့ သစ္စာပြုပေတော့။ အဆင်ပြေလာပါလိမ့်မယ် ဒကာမကြီး။ နောက်ဆုံးမှာတော့ ကိုယ်ပြုထားတဲ့ ကုသိုလ်တွေကို (၃၁)ဘုံက သတ္တဝါအားလုံးကို အမျှဝေပါ။ အရပ် ၁၀ မျက်နှာက သတ္တဝါ အားလုံးကို မေတ္တာပို့ပေးပေါ့ ဒကာမကြီးရယ်။"

ဒေါ်ခင်သည် ဆရာတော်ဘုရားမိန့်မှာသည့်အတိုင်း သဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့သည်။ မောင်နိုင်၏ ပုဆိုးဟောင်းလေးကို ဖြန့်ခင်းထိုင်ပြီး နေ့စဉ် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့၏။ မောင်နိုင်တစ်ယောက် မိတ်ကောင်းဆွေကောင်းနှင့်တွေ့ပြီး ထိုင်းနိုင်ငံသို့ ရောက်ခဲ့သည်။ အလုပ်သမားဘဝမှ သူဌေး၏ ချစ်ခင် နှစ်သက်မှုကြောင့် မန်နေဂျာဘဝ ရောက်ခဲ့၏။ မိသားစုထံသို့ လစဉ်သိန်းပေါင်းများစွာသော ပိုက်ဆံတို့ကို ပို့နိုင်ခဲ့၏။ ဇနီးသည် မကျေဥသည်လည်း ရွှေတွဲလည်း ငွေတွဲလည်းနှင့် သူဌေးမလေး တစ်ဦးဖြစ်လာခဲ့လေ၏။ မြေယာများအပြင် လယ်ထွန်စက်၊ ဆန်စက်များပင် ပိုင်ဆိုင်ခဲ့လေသည်။ သစ္စာမေတ္တာ၏ ကောင်းကျိုးများပင်တကား။

မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်ခြေရင်း၌ မာရ်နိုင်ငါးပါးကို အောင်မြင်တော်မူခဲ့၏။ ထို့အတူ ကျွန်ုပ်တို့မိသားစုသည်လည်း အရာခပ်သိမ်းကို အောင်ပါစေသတည်း။ မြတ်စွာဘုရားရှင် အားလုံး တို့၏ ဗုဒ္ဓါဘိသေက မင်္ဂလာကို ခံယူရာဖြစ်သော၊ မြေပြင်၏ ဦးထိပ်လည်းဖြစ်သော မာန်ငါးပါးကို အောင်မြင်သောနေရာလည်းဖြစ်သော ပလ္လင်တော်ပေါ်၌ သဗ္ဗညုတဉာဏ်ရောက်တော်မူသော မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူ၏။ ထို့အတူ ကျွန်ုပ်တို့ မိသားစုတွင်လည်း ကောင်းသောနက္ခတ် ကောင်းသောမင်္ဂလာ ဖြစ်ပါစေ။ ကောင်းစွာမိုးသောက်ခြင်း ကောင်းစွာနိုးထခြင်း ဖြစ်ပါစေ။ ကောင်းသော ကောင်းသောအမှု ဖြစ်ပါစေ။ သူတော်ကောင်းတို့အား ကောင်းစွာပူဇော်ခြင်း ဖြစ်ပါစေ။ ဘေးရန်စွယ် အန္တရာယ်ပပျောက်ငြိမ်းပြီး စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ"

# အင်ဂျင်နီယာ နည်းပညာဆိုင်ရာအသိပညာ မျှဝေဆွေးနွေးပွဲကျင်းပ

**မန္တလေး မေ ၁၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မန္တလေး)နှင့် မြန်မာဖူကန်ကုမ္ပဏီလီမိတက်တို့မှ ပူးပေါင်းကျင်းပသော Geotechnical နှင့် Civil Engineering နည်းပညာဆိုင်ရာ အသိပညာ မျှဝေဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ ဟိုတယ်မန္တလေး ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးရွှေဇင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာဖူကန်ကုမ္ပဏီမှ ဒါရိုက်တာ ဦးထွန်းထွန်းဦးက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် အင်ဂျင်နီယာ ပညာရှင်များက အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဘူမိနည်းပညာဆိုင်ရာ စမ်းသပ်စစ်ဆေးအကဲဖြတ်ခြင်း၊ နေရာအလိုက် လျှော့ဝိသေသလေ့လာခြင်းနှင့်အရည်အသွေး ထိန်းသိမ်းမှုဆိုင်ရာ အသိပညာများ မျှဝေပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းကြရာ ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် နည်းပညာမျှဝေပေးသော ပညာရှင်များအား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မန္တလေး) မှ အမှတ်တရပစ္စည်း ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ) (၀၄၅)

# အစားအသောက်နှင့် ဆေးဝါးများအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**အောင်လံ မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် အစားအသောက်နှင့်ဆေးဝါးများ အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ "စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆေးဝါးရောင်းချမှုလုပ်ငန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ"ကို ယနေ့နံနက် ၈ နာရီက အောင်လံမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အောင်လံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က အစားအသောက်နှင့် ဆေးဝါးများ အန္တရာယ်ကင်းရှင်းရေး၊ စနစ်တကျ ထုတ်လုပ်ရောင်းချရေးနှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာ အချက်အလက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။



ဆက်လက်၍ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(မြန်/ဆက်)

## ရေချွေတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စွမ်းရည်မြင့်သည့်သူနာပြု


* သူနာပြုစွမ်းရည်
မြင့်သည်ကသာ
ဝေဒနာခံစားလူနာများ
အားထားကိုးစား အလေးထား
အနာဂတ်ကမ္ဘာကျန်းမာသသား။

* မကျန်းမမာ၊ ဝေဒနာဖြင့်
ရောဂါခံစား၊ လူနာများအတွက်
အားထားစဉ်သာ၊ ပြုစုပါသည့်
သူနာပြုများ၊ စောင့်ရှောက်ထားလို့
ခံစားရောဂါစဉ်သက်သာ၊
ကျန်းမာချမ်းသာ ပျော်စေတာ၊
သူနာပြုများ စွမ်းအားပါ။

* လူနာတွေလည်း၊ စဉ်အမြဲသာ
ကိုယ်လည်းကျန်းမာ၊ စိတ်ချမ်းသာအောင်
အနာဂတ်ကမ္ဘာကျန်းမာဖို့
သူနာပြုစွမ်းရည် မြင့်တင်လို့
အသက်ပေါင်းများစွာကယ်ဆယ်စို့။ ။

**တက္ကသိုလ်ရည်ရွယ်**

**အလိမ္မာ စာမှာရှိ။**




# လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**သရက် မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက စည်ပင်သာယာဈေးကြီးရှေ့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် သတိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ၊ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ၊ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် တံမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များကို ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)



# ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (မြွာစရိယ၊ B.A)ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ကွယ်လွန်သူ ဦးစိုးသိန်းအား ရည်စူး၍ မန္တလေးမြို့နေ ဒေါ်အမာစိန်နှင့် သား၊သမီးများ (စွယ်တော်လှျပ်စစ်နှင့် ကုန်မာဆိုင်)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဥပဇ္ဈာယ်မှူးကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အောက်ပုံ) PNT**



# မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်



**မန္တလေး မေ ၁၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးချို့တဲ့၍ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူခဲ့သော သက်ကြီးဆရာဝန်ကြီးများအား ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ မေ ၉ ရက်က မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာမင်းဆွေအား ကျန်းမာရေးထောက်ပံ့ ငွေကျပ် နှစ်သိန်းအား မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ အောင်မင်းနှင့် ဒေါက်တာ မောင်မောင်သန်းတို့က နေအိမ်သို့ သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်းကာ အားပေးစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သည် ကျန်းမာရေးထောက်ပံ့မှုများအပြင် သက်ကြီးဆရာဝန်ကြီးများအား ပုဂ္ဂလိကအထူးကုဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (ဝ၄၅)**

*–*–*–*–*–*–*

မီးမရှို့၊ မြေမမြှုပ်
စက္ကူတွေကို ဒါနလုပ် ။

# အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့

**သရက် မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပီတိပညာရေး ပရဟိတမှ နာယက ဦးတင်ထွဋ်နှင့် ဦးအောင်ကျော်စိုးတို့က အငြိမ်းစားယူပြီးသော ဆရာကြီး၊ ဆရာမကြီးများ လစဉ်အလှူငွေပေးအပ်ရာတွင် စေတနာအလှူငွေကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပီတိပညာရေး ပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေ ကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဦးဟန်ထွေး ကွယ်လွန် (အလပြ)အထက(၃) နှင့် ဒေါ်မာလာဝင်း (ကွယ်လွန်) အမက တောင်မည်းတည်းသို့ ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာရေး ပရဟိတနာယကများက ပေးအပ်ရာ ကွယ်လွန်သူများ၏ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် အငြိမ်းစား သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပီတိပညာရေးအဖွဲ့ဝင် ဆရာမကြီး ဒေါ်တင်တင်ယုက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**




# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် (မေ ၁၁ ရက်မှ ၁၇ ရက်အထိ)

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယခုရက်သတ္တပတ်အတွင်း အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

### မိုးရွာသွန်းနိုင်မှု အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

### အမြင့်ဆုံးအပူချိန် အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၃ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

### အနိမ့်ဆုံးအပူချိန် အခြေအနေ

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်



ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

### လေထုစိုထိုင်းဆ အခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၅၇ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇၉ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပါသည်။

### ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၂၁ မီလီမီတာမှ ၃၀ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၃၁ မီလီမီတာမှ ၄၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၁ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**ရွှေမန်း**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက သေနတ်လွှဲပြောင်းအပ်နှံရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်နိုင်က လက်ခံရယူစဉ်။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် မေ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၃၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

စာမျက်နှာ ၁၀ သို့ ○

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၀၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၇၂ ဦးတို့ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် မေ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA အဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၄၀၊ TNLA အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၇၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

စာမျက်နှာ ၁၀ သို့ ❑



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူအား ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။



## MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲအတွက် ရှမ်းယူနိုက်တက်အသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် မေ ၁၁**

လာမည့် ဘောလုံး ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲအတွက် ရှမ်းယူနိုက်တက်အသင်း လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းကို နည်းပြချုပ်အဖြစ် ဦးဟန်ဝင်းအောင်က ကိုင်တွယ်နေပြီး ကစားသမား ၃၀ ဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့်အသင်းတွင် ပြီးခဲ့သည့်ရာသီက ကစားခဲ့သည့် အသက်မီသောကစားသမား ၁၀ ဦးခန့် ပြန်ပါလာပြီး ကစားသမားသစ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄ MNL ယူ-၂၀ လိဂ်တွင် ချန်ပီယံဆုရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၅ MNL ယူ-၂၁ လိဂ်တွင် ချန်ပီယံဆုနှင့် လွဲချော်ခဲ့သဖြင့် တစ်ကျော့ပြန်အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

**(NGB)**

၀-၀-၀-၀

## ကိုမိုအသင်း သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဥရောပဝင်ခွင့်ရရှိ

**တူရင် မေ ၁၁**

အီတလီစီးရီးအေကလပ် ကိုမိုအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဥရောပ ဝင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါ အသင်းသည် ၁၉၀၇ ခုနှစ် အသင်းစတင် တည်ထောင်ခဲ့ပြီး ဥရောပပြိုင်ပွဲ ယှဉ်ပြိုင်ဖူးခြင်းမရှိသေးကာ လက်ရှိအချိန်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိလာခြင်းဖြစ်သည်။

ကိုမိုအသင်းသည် ယခုနှစ် ဘောလုံးရာသီ အီတလီ စီးရီးအေပွဲစဉ် (၃၆)ပွဲယှဉ်ပြိုင် ကစားအပြီးတွင် ရမှတ် ၆၅မှတ်ဖြင့် အဆင့် (၆)နေရာတွင် ရပ်တည်ပြီး အဆင့် (၇)နေရာမှ အတ္တလန်တာအသင်းကို ၇မှတ်ထိ ဖြတ်ထားနိုင်မှုကြောင့် လာမည့်ရာသီတွင် အနိမ့်ဆုံး ကွန်းဖရန့်လိဂ်သို့ ယှဉ်ပြိုင်ခွင့်ရရှိဖို့ သေချာသွားခဲ့ပြီဖြစ်သည်။

ထို့ပြင် ကိုမိုအသင်းသည် အဆင့်(၄)နှင့် အဆင့်(၅)နေရာမှ အေစီမီလန်၊ ရိုးမားအသင်းတို့နှင့် ရမှတ် ၂မှတ်သာ ကွာဟနေပြီး ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲ လိုနေမှုကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ကိုလည်း မျှော်လင့်လို့ ရနေဆဲဖြစ်သည်။

ကိုမိုနည်းပြ ဖာဘရီဂတ်စ်က "အသင်းအနေနဲ့ အခုလို ဥရောပဝင်ခွင့်ရရှိလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအသင်း အောင်မြင်မှုတွေ ဆက်လက်ရယူနိုင်ဖို့ အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**နိုင်ကမ္ဘာ**

